# ဖုံးကွယ်နေသော အတားအဆီးများ

## မြန်မာနိုင်ငံရှိ VPN ပိတ်ပင်မှုက ဘန်ကောက်၊ ချင်းမိုင်နှင့် မဲဆောက်မြို့များရှိ မြန်မာရွှေ့ပြောင်းနေထိုင်သူများအပေါ် မည်သို့သက်ရောက်နေသနည်း။




**THE RED FLAG**

## Table of Contents


အကျဉ်းချုပ် .......... 4

နိဒါန်း .......... 6

သုတေသနဆိုင်ရာ ပြဿနာ .......... 10

သုတေသန ပြုလုပ်ရသည့် အကြောင်းအရင်း .......... 13

သုတေသန ရည်ရွယ်ချက်များ .......... 15

သုတေသန မေးခွန်းများ .......... 16

သုတေသန နည်းစနစ် .......... 17

- သုတေသန ဒီဇိုင်း .......... 17
- သုတေသန နေရာများနှင့် ဖြေဆိုသူများ .......... 17
- သုတေသန နမူနာကောက်ယူပုံ .......... 21
- အချက်အလက် စုဆောင်းခြင်းနှင့် လေ့လာဆန်းစစ်ခြင်း .......... 21
- ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ .......... 22
- သုတေသန၏ ကန့်သတ်ချက်များနှင့် စိန်ခေါ်မှုများ .......... 22

သုတေသန တွေ့ရှိချက်များ  ဆက်သွယ်ရေး ပုံစံပြောင်းလဲမှု .......... 26

- နည်းပညာဆိုင်ရာ အခက်အခဲများ .......... 29
- စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ .......... 32
- ရင်ဆိုင်ဖြေရှင်း နည်းလမ်းများ .......... 37

ကျယ်ပြန့်သော သက်ရောက်မှုများ....................41

ဆွေးနွေးချက်....................47

တွေ့ရှိချက်များအပေါ် ဆန်းစစ်လေ့လာချက်များ....................47

မဟာဗျူဟာကျ ဖိနှိပ်မှုအဖြစ် ဒစ်ဂျစ်တယ်ထိန်းချုပ်ခြင်း....................47

ဆင့်ကဲဖြစ်ပေါ်လာသော ထိခိုက်လွယ်မှုများနှင့် လူမှုရေး မညီမျှမှုများ....................48

စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုနှင့် မိသားစု ဆက်ဆံရေး အပြောင်းအလဲများ....................48

ကြံ့ကြံ့ခံနိုင်ရည်စွမ်းအားနှင့် ၎င်း၏ ကန့်သတ်ချက်များ....................49

မှတ်တမ်းတင်ခြင်းနှင့် တာဝန်ခံမှုရှိစေခြင်းဆိုင်ရာ စိန်ခေါ်မှုများ....................51

ရှေ့ဆက်လုပ်ဆောင်ရန် လိုအပ်ချက်များ....................52

အကြံပြုချက်များ....................53

နည်းပညာကုမ္ပဏီများ....................53

အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် NGO များ....................53

မူဝါဒ ချမှတ်သူများ....................54

နိဂုံးချုပ်....................55

## အကျဉ်းချုပ်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ ချမှတ်ခဲ့သော Virtual Private Networks (VPNs) ပိတ်ပင်မှုသည် မြန်မာနိုင်ငံသားများအတွက် မကြုံစဖူး စိန်ခေါ်မှုများ ဖြစ်ပေါ်စေခဲ့ပြီး အထူးသဖြင့် မိသားစုများအတွင်း နယ်စပ်ဖြတ်ကျော်ဆက်သွယ်ရေးအတွက် ဒစ်ဂျစ်တယ် ပလက်ဖောင်းများကို အားထားနေရသော ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုများ ရှိခဲ့သည်။ ဤလေ့လာမှုသည် VPN ပိတ်ပင်မှုက ထိုင်းနိုင်ငံရှိ အဓိကမြို့သုံးမြို့ဖြစ်သော ဘန်ကောက်၊ ချင်းမိုင်နှင့် မဲဆောက်မြို့များရှိ မြန်မာရွှေ့ပြောင်းသွားလာနေထိုင်သူများအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို ဆန်းစစ်လေ့လာထားသည်။ ဤသုတေသနသည် ရွှေ့ပြောင်းအလုပ်သမားများ၊ ကျောင်းသူ ကျောင်းသားများ၊ အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement - CDM) ပါဝင်သူများ၊ တက်ကြွလှုပ်ရှားသူများ၊ သုတေသီများ၊ CSO နှင့် NGO များမှ ကျွမ်းကျင်သူများ အပါအဝင် ပါဝင်ဖြေဆိုသူ ၂၀ ဦးနှင့် အသေးစိတ် တွေ့ဆုံမေးမြန်းမှုများမှတဆင့် ဒစ်ဂျစ်တယ် ဆက်သွယ်ရေး အတားအဆီးများ၏ ဘက်စုံသက်ရောက်မှုများကို လေ့လာဆန်းစစ်ထားသည်။ အရည်အသွေးစံပြု သုတေသန ချဉ်းကပ်မှု (Qualitative Research Approach) ကို အသုံးပြု၍ မတူကွဲပြားသော ပါဝင်ဖြေဆိုသူများနှင့် အသေးစိတ် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့၏ အတွေ့အကြုံများနှင့် ရင်ဆိုင်ဖြေရှင်းရေး နည်းလမ်းများကို အသေးစိတ် နားလည်သဘောပေါက်ရန် ဆောင်ရွက်ခဲ့သည်။

တွေ့ရှိချက်များအရ မိသားစု ဆွေမျိုး သူငယ်ချင်းများနှင့် ဆက်သွယ်ရေး ပုံစံများတွင် သိသာထင်ရှားသော အနှောင့်အယှက်ပြောင်းလဲမှုများ ဖြစ်ပေါ်နေကြောင်း၊ နေ့စဉ် ဆက်သွယ်မှုများမှ တပတ်တကြိမ် သို့မဟုတ် နှစ်ပတ်တကြိမ် ဆက်သွယ်မှုသို့ လျော့ကျသွားကြောင်း တွေ့ရှိရသည်။ ပါဝင်သူများသည်

ယုံကြည်စိတ်ချရမှု မရှိသော VPN များအား အစားထိုးအသုံးပြုရခြင်းများ၊ နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများ၊ ဆက်သွယ်ရေးအတွက် ကုန်ကျစရိတ်များ မြင့်တက်လာခြင်း၊ အင်တာနက် ချိတ်ဆက်မှု ပိုမိုခက်ခဲယိုယွင်းလာခြင်း စသည့် ထပ်ဆင့်စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ ဤလေ့လာမှုသည် အထူးသဖြင့် ပဋိပက္ခဇုန်များရှိ မိသားစု၊ ဆွေမျိုးများနှင့် သူငယ်ချင်းများ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှု မြင့်တက်လာခြင်း အပါအဝင် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကိုလည်း ဖော်ထုတ်ထားသည်။ ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ မိသားစု ဆွေမျိုး သူငယ်ချင်းများသည် VPN အများအပြားကို ထည့်သွင်းအသုံးပြုရခြင်း၊ အခြား ပလက်ဖောင်းများသို့ ပြောင်းလဲအသုံးပြုရခြင်း၊ လူမှုအသိုက်အဝန်းတွင်း အပြန်အလှန် ထောက်ပံ့မှု ကွန်ရက်များကို အားထားရခြင်း စသည့် မတူညီသော ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာများကို ဖော်ဆောင်လာကြသည်။ သို့သော် ဤသို့လိုက်လျောညီထွေဖြစ်အောင် ပြုပြင်မှုများသည် အရေးပေါ်အခြေအနေများ သို့မဟုတ် အရေးပေါ်အခြေအနေများတွင် ငွေလွှဲပို့မှုများမှတဆင့် ငွေကြေးထောက်ပံ့မှုများကို ညှိနှိုင်းဆောင်ရွက်ရသည့်အခါ လုံလောက်မှု မရှိတတ်ပေ။

ဤသုတေသနသည် နိုင်ငံရေး အကြပ်အတည်းကာလအတွင်း ဒစ်ဂျစ်တယ် အခွင့်အရေးများ၊ သတင်းအချက်အလက် ရယူနိုင်မှု၊ အရေးကြီးသော မိသားစု အဆက်အသွယ်များအား ထိန်းသိမ်းထားနိုင်မှုတို့အပေါ် ပိုမိုကျယ်ပြန့်သော သက်ရောက်မှုများအား မီးမောင်းထိုးပြထားသည်။ ဤတွေ့ရှိချက်များက စစ်ကောင်စီ၏ ကန့်သတ်ချုပ်ချယ်မှုများကို ခံနိုင်ရည်ရှိသော နည်းပညာဆိုင်ရာ ဖြေရှင်းချက်များ အရေးတကြီး လိုအပ်နေကြောင်း၊ မြန်မာနိုင်ငံရှိ ဒစ်ဂျစ်တယ် အခွင့်အရေးများအပေါ် နိုင်ငံတကာ၏ အာရုံစိုက်မှု ပိုမိုလိုအပ်နေကြောင်း အလေးပေးဖော်ပြထားပြီး ထိခိုက်ခံရသော လူ့အဖွဲ့အစည်းများကို ပံ့ပိုးပေးရာတွင် အရပ်ဖက်အဖွဲ့အစည်းများ၏ အရေးပါသော အခန်းကဏ္ဍကိုလည်း ထင်ရှားစွာဖော်ပြထားသည်။

# နိဒါန်း

၂၀၂၁ ခုနှစ် မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက်ပိုင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) သည် ဒစ်ဂျစ်တယ် ဆက်သွယ်ရေးအပေါ် ထိန်းချုပ်ကန့်သတ်မှုများ စနစ်တကျ တိုးမြှင့်လာခဲ့သည်။ အာဏာသိမ်းပြီးနောက်ပိုင်း အင်တာနက် ကန့်သတ်မှုများ ရှိနှင့်ပြီး ဖြစ်သော်လည်း စစ်ကောင်စီသည် ၂၀၂၄ ခုနှစ် မေလတွင် Virtual Private Networks (VPNs) များကို တနိုင်ငံလုံး အတိုင်းအတာဖြင့် ပိတ်ပင်ခြင်းဟူသော မကြုံစဖူး ခြေလှမ်းကို လှမ်းခဲ့သည်။ ဤလုပ်ဆောင်ချက်သည် အာဏာသိမ်းပြီးကတည်းက မြန်မာနိုင်ငံတွင် ပိတ်ပင်ခံထားရပြီး VPN များမှတဆင့်သာ ဝင်ရောက်နိုင်သော Facebook၊ Instagram နှင့် WhatsApp ကဲ့သို့သော လူသုံးများသည့် လူမှုကွန်ယက် ဆိုရှယ်မီဒီယာ ပလက်ဖောင်းများကို ထိရောက်စွာ ဖြတ်တောက်လိုက်ခြင်းဖြစ်ပြီး စစ်ကောင်စီ၏ ဒစ်ဂျစ်တယ် ထိန်းချုပ်မှု မဟာဗျူဟာ သိသိသာသာ ပြောင်းလဲပြင်းထန်လာခြင်းကို ပြသကာ မြန်မာနိုင်ငံသား သန်းပေါင်းများစွာကို လုံခြုံ စိတ်ချရသော အင်တာနက် အသုံးပြုခွင့်မှ ထိရောက်စွာ ဖြတ်တောက် လိုက်သည်။[1]

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) သည် VPN ပိတ်ပင်မှုကို အကောင်အထည် ဖော်ရာတွင် အထူးတင်းကြပ်ပြင်းထန်ခဲ့ပြီး တနိုင်ငံလုံးရှိ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များက ပြည်သူများအား ဖုန်းစစ်ဆေးခြင်း၊ ငွေညှစ်ခြင်း၊ VPN အက်ပလီကေးရှင်းများ တွေ့ရှိသော ပြည်သူများကို ဖမ်းဆီးထောင်ချခြင်းများပင် ပြုလုပ်ခဲ့သည်။[2] ဤသို့ VPN ပိတ်ပင်မှုများသည် စစ်ဆင်ရေးများဆောင်ရွက်နေသည့် စစ်ကောင်စီအတွက် သတင်းအချက်အလက်စီးဆင်းမှုကို ထိန်းချုပ်ရန် အရေးကြီးသော စစ်ကိုင်း၊

---

[1] South China Morning Post, 'Myanmar junta's VPN ban, internet controls expose citizens to more cyber threats', 11 August 2024

[2] Radio Free Asia, 'Myanmar junta imposes random searches for VPNs,' 13 August 2024

မကွေး၊ ချင်း၊ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ် စသည့် စစ်ဘေးဒဏ်သင့်ဒေသများတွင် အထူးတင်းကြပ်လျက်ရှိသည်။ ဤသို့ VPN ပိတ်ပင်မှုသည် စစ်ကောင်စီကို ဆန့်ကျင်သော ပြည်သူများနှင့် တော်လှန်ရေးလှုပ်ရှားမှုများကို စည်းရုံးလှုံ့ဆော်ချိတ်ဆက်ရန် အင်အားကြီးမားသော ကိရိယာတခုအဖြစ် လူမှုကွန်ယက်များ ပေါ်ထွက်လာသောကြောင့် ပိတ်ပင်မှု၏ အချိန်ကိုက်ဖြစ်ပေါ်မှုအား မဟာဗျူဟာကျကျတွက်ချက်ထားသည်ဟု ယူဆရသည်။

စစ်ကောင်စီ၏ ဒစ်ဂျစ်တယ် ဆင်ဆာပြုလုပ်မှု ချဉ်းကပ်ပုံသည် တွက်ချက်လုပ်ဆောင်ထားသော မဟာဗျူဟာတခုဖြစ်သည်။ အခြားဆိုရှယ်မီဒီယာပလက်ဖောင်းများကို ကန့်သတ်ထားပြီး Telegram နှင့် TikTok ကဲ့သို့သော ပလက်ဖောင်းများကို အလွယ်တကူဝင်ရောက်သုံးစွဲနိုင်အောင် ပြုလုပ်ထားခြင်းဖြင့် စစ်ကောင်စီက ၎င်းတို့အား ထောက်ခံသည့်အုပ်စုက လွှမ်းမိုးနိုင်သော ထိန်းချုပ်ထားသည့် သတင်းအချက်အလက် ရပ်ဝန်းတခုအား ဖန်တီးနေသည်။ ဤသို့ကန့်သတ်မထားသော Telegram၊ TikTok ကဲ့သို့ လူမှုကွန်ရက် ဆိုရှယ်မီဒီယာ ပလက်ဖောင်းများသည် စစ်တပ်ဝါဒဖြန့်ချိရေးနှင့် အမုန်းစကားများအတွက် လမ်းကြောင်းများ ဖြစ်လာသလို တချိန်တည်းမှာပင် စစ်တပ်အား အတိုက်အခံပြုသူများအား ခြိမ်းခြောက်ရန်နှင့် ကြောက်လန့်စေရန် ကိရိယာများအဖြစ်လည်း အသုံးပြုနေသည်။[3] ဤရွေးချယ်ဆင်ဆာဖြတ်တောက်မှုသည် သတင်းအချက်အလက်များကို ကန့်သတ်ရုံသာမက၊ ၎င်းတို့၏ ဝါဒဖြန့်ပြောဆိုချက်များကို ပိုမိုမြှင့်တင်ထိန်းချုပ်နိုင်ပြီး အခြားပလက်ဖောင်းများမှတဆင့် ဒစ်ဂျစ်တယ်နယ်ပယ်အသိုက်အဝန်းကို ၎င်းတို့အကျိုးအတွက် ပြန်လည် ပုံဖော်နိုင်ရန် စစ်အုပ်စု၏ ရည်ရွယ်ချက်ကို ပြသနေသည်။

[3] Mizzima, 'How Myanmar lobbyists use Telegram to spread propaganda, fake news,' 9 Jule 2024

Facebook က သတင်းမှားများနှင့် အမုန်းစကားများ ဖြန့်ဖြူးနေသော စစ်ကောင်စီကို ထောက်ခံသော အကောင့်များကို စောင့်ကြည့်ပိတ်ပင်ခြင်းအပါအဝင် တင်းကျပ်သော စည်းမျဉ်းများ ချမှတ်ထားသော်လည်း Telegram နှင့် TikTok ကဲ့သို့သော ဆိုရှယ်မီဒီယာပလက်ဖောင်းများက ပိုမိုလျော့ရဲသော အကြောင်းအရာ စိစစ်ရေးမူဝါဒများကိုသာ လုပ်ဆောင်လျက်ရှိသည်။ စစ်တပ်ထောက်ခံသူများနှင့် စစ်တပ်ဝါဒဖြန့်သူများသည် Facebook တွင် ပိတ်ပင်ခံရသောအခါ ၎င်းတို့သည် စောင့်ကြည့်မှု အနည်းဆုံးဖြင့် ဆက်လက်ဝါဒဖြန့် လုပ်ဆောင်နိုင်မည့် အခြားပလက်ဖောင်းများသို့ ရွှေ့ပြောင်းသွားကြသည်။ မြန်မာနိုင်ငံတွင် ဤသို့ စည်းကမ်းထိန်းချုပ်မှု နည်းပါးသော ပလက်ဖောင်းများ လူသုံးများလာခြင်းက စစ်တပ်ဝါဒဖြန့်ချိရေးနှင့် သတင်းအမှားများ လွတ်လပ်စွာ ဖွံ့ဖြိုးနိုင်သော အခြေအနေသစ်များ ဖန်တီးပေးခဲ့သည်။[4]

VPN ပိတ်ပင်မှုသည် ပြည်တွင်းမီဒီယာနှင့် သတင်းထောက်များအတွက်လည်း ပြင်းထန်သော စိန်ခေါ်မှုများ ဖြစ်ပေါ်ခဲ့ပြီး လုံခြုံသော ဆက်သွယ်ရေး လမ်းကြောင်းများ ကန့်သတ်ခံထားသော အခြေအနေတွင် လုပ်ကိုင်ဆောင်ရွက်နေရသည်။ အင်တာနက် ဖြတ်တောက်မှုများကြောင့် ထိခိုက်နေပြီးဖြစ်သော ဒေသများတွင် သတင်းအချက်အလက်များ စုဆောင်းရန်နှင့် သတင်းများအတည်ပြုနိုင်စွမ်းသည် အလွန်အမင်းခက်ခဲလာသည်။ The Red Flag ကဲ့သို့သော အဖွဲ့အစည်းများက Myanmar Fact-Checking Network (မြန်မာနိုင်ငံရှိ သတင်းအမှားတိုက်ဖျက်ရေးအတွက် လုပ်ဆောင်နေသော လွတ်လပ်သော ပြည်တွင်းအချက်အလက်စစ်ဆေးသူများအဖွဲ့) နှင့် Fellowship အဖွဲ့ဝင်များ အပါအဝင် မျိုးစုံသော သတင်းစာပညာ ကွန်ရက်များ၏ အဖွဲ့ဝင်များအား ဒစ်ဂျစ်တယ် လုံခြုံရေး အသိပညာမြှင့်တင်ပေးမှုများ

[4] Frontier Myanmar, 'Channelling hate and disinformation: Myanmar's bad actors move to Telegram,' 15 September 2023

နှင့် ယုံကြည်စိတ်ချရသော VPN များ ပံ့ပိုးပေးခြင်းဖြင့် ဤစိန်ခေါ်မှုများကို ဖြေရှင်းရန် ကြိုးပမ်းခဲ့သော်လည်း ဤကြိုးပမ်းမှုများသည် ကန့်သတ်ချက်အသစ်များအောက်တွင် သိသာထင်ရှားသော အတားအဆီးများကို ရင်ဆိုင်နေရသည်။

ဤကန့်သတ်ချက်များ၏ စုပေါင်းသက်ရောက်မှုသည် သာမန်ဆက်သွယ်ရေး တားမြစ်ပိတ်ပင်မှုများထက် ပိုမိုကျယ်ပြန့်သည်။ Facebook ကို ပိတ်ပင်ပြီး Telegram နှင့် TikTok ကဲ့သို့ အကြောင်းအရာစိစစ်ရေး စည်းမျဉ်းများ လျော့ရဲသော ပလက်ဖောင်းများကို ခွင့်ပြုထားသော စစ်ကောင်စီ၏ ရွေးချယ်ချဉ်းကပ်လုပ်ဆောင်မှုသည် သတင်းအချက်အလက် စီးဆင်းမှုကို ထိန်းချုပ်ရန် စနစ်ကျသော မဟာဗျူဟာတခုကို ပြသနေသည်။ ဤလုပ်ဆောင်မှုက လွတ်လပ်သော အသံများနှင့် စစ်ကောင်စီအပေါ် အတိုက်အခံ ပြောဆိုချက်များ ပိုမိုအားကောင်းပြန့်နှံ့နေသော အသိုက်အဝန်းနေရာများကို ကန့်သတ်နေစဉ် စည်းမျဉ်းစည်းကမ်း လျော့ရဲသော ပလက်ဖောင်းများပေါ်တွင် စစ်တပ်ထောက်ခံသော အကြောင်းအရာ ပြောဆိုဝါဒဖြန့်မှုများအား ပိုမိုအားကောင်းစေသည်။ ထို့ကြောင့် VPN ပိတ်ပင်မှုသည် သတင်းအချက်အလက် လွတ်လပ်ခွင့်နှင့် ပြည်သူများ၏ဒီမိုကရေစီ ခုခံတော်လှန်မှုအတွက် အရေးပါသော ခြိမ်းခြောက်မှုကို ဖြစ်ပေါ်စေနေပြီး ပြည်သူများ တိကျမှန်ကန်သော သတင်းအချက်အလက်များ ရယူနိုင်မှုကို ထိခိုက်စေရုံသာမက စစ်အာဏာရှင်စနစ်အား တာဝန်ခံမှုရှိစေရန် ကြိုးပမ်းမှုများကိုလည်း ဟန့်တားနေသည်။ ဤအခြေအနေသည် သတင်းအချက်အလက် လွတ်လပ်စွာ စီးဆင်းမှုကို ကာကွယ်ရန်နှင့် ပို၍ ဆန်းသစ်ရှုပ်ထွေးလာသော ဒစ်ဂျစ်တယ်ဖိနှိပ်မှုများကို တွန်းလှန်ဆန့်ကျင်နေသော မြန်မာပြည်သူများကို ကူညီထောက်ပံ့ရေးအတွက် ပြည်တွင်းပြည်ပမှ သက်ဆိုင်သူများအားလုံး အမြန်ဆုံး အရေးယူ ဆောင်ရွက်ရန် လိုအပ်နေသည်။

## သုတေသနဆိုင်ရာ ပြဿနာ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) က ချမှတ်သော VPN ပိတ်ပင်မှုသည် ပြည်တွင်းနှင့် နိုင်ငံတကာ နှစ်ခုလုံးတွင် သတင်းအချက်အလက် စီးဆင်းမှုကို ထိန်းချုပ်ရန်နှင့် ဆက်သွယ်ရေးကို ကန့်သတ်ရန် စစ်ကောင်စီ၏ ကြိုးပမ်းမှုများတွင် သိသာထင်ရှားသော တိုးမြှင့်မှုတခု ဖြစ်သည်။ ၂၀၂၁ ဖေဖော်ဝါရီ အာဏာသိမ်းမှုမှစ၍ စစ်ကောင်စီသည် ဒစ်ဂျစ်တယ်ကန့်သတ်ချက်များကို တဖြည်းဖြည်း တင်းကြပ်လာခဲ့သည်။ ကနဦးအဆင့်တွင် Facebook နှင့် Twitter ကဲ့သို့သော အသုံးများသည့် လူမှုကွန်ရက် ဆိုရှယ်မီဒီယာပလက်ဖောင်းများကို ပိတ်ဆို့ခြင်းဖြင့် စတင်ခဲ့ပြီး ၂၀၂၁ မတ်လတွင် အင်တာနက်ဖြတ်တောက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့သဖြင့် အသုံးပြုသူများသည် VPN များကို အားထားအသုံးပြုခဲ့ရသည်။ ၂၀၂၂ ဇန်နဝါရီလတွင် အဆိုပြုခဲ့သော ဆိုက်ဘာလုံခြုံရေးဥပဒေဖြင့် သိသာသောပြောင်းလဲမှုတခု ဖြစ်ပေါ်ခဲ့ပြီး ကန့်သတ်ချက် ပိုမိုနည်းပါးသော အခြားပလက်ဖောင်းတခုဖြစ်သည့် Telegram ကို ပိုမိုအသုံးပြုလာစေခဲ့သည်။ ၂၀၂၄ မေလတွင် နိုင်ငံတဝန်း VPN များအား ပိတ်ပင်တားမြစ်မှုဖြင့် ပြင်းထန်ဆုံး ကန့်သတ်မှု ပြုလုပ်ခဲ့ပြီး VPN ဝန်ဆောင်မှုများကို နည်းပညာအရ ပိတ်ဆို့ခြင်းနှင့် အချို့နေရာများတွင် မိုဘိုင်းဖုန်းများကို စစ်ဆေးခြင်းတို့ ပါဝင်သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စစ်ကောင်စီသည် တရားမဝင် အွန်လိုင်းလောင်းကစားနှင့် VPN ဝန်ဆောင်မှုများကို ဦးတည်သည်ဟုဆိုသော ဆိုက်ဘာ လုံခြုံရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။[5] ယင်းဥပဒေသည် မူလက NLD အစိုးရလက်ထက်တွင် ဆိုက်ဘာခြိမ်းခြောက်မှုများနှင့် အမုန်းစကားများကို ကိုင်တွယ်ရန် ရည်ရွယ်ခဲ့သော်လည်း၊ လက်ရှိပြဋ္ဌာန်းချက်သည် စောင့်ကြည့် ထိန်းချုပ်မှုအတွက် ဥပဒေကြောင်းအရ အခြေခံမူဘောင်တစ်ခုအဖြစ် အဓိကအသုံးပြုနေ

[5] Eleven Media Group, 'Myanmar enforces cybersecurity law effective January 1', 2 January 2025

ကြောင်း ကျွမ်းကျင်သူများက ထောက်ပြကြသည်။ ကျယ်ပြန့်ပြီးရှင်းလင်းမှုမရှိသော ဥပဒေပါ ပြဋ္ဌာန်းချက်များကြောင့် အာဏာပိုင်များအနေဖြင့် မြန်မာပြည်သူများ သတင်းအချက်အလက်ရယူရန်နှင့် မိသားစုဆက်သွယ်မှု ထိန်းသိမ်းရန် အရေးပါသော ကိရိယာတခုဖြစ်သည့် VPN အသုံးပြုမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်စေသည်။ ဆိုက်ဘာလုံခြုံရေး ကျွမ်းကျင်သူတဦး၏ အဆိုအရ ဤဥပဒေသည် ယခင်က စစ်ကောင်စီစိတ်ကြိုက်ပြုလုပ်နေသော ဒီဂျစ်တယ် ကန့်သတ်ချက်များကို တရားဝင် ဥပဒေကြောင်းအရ အရေးယူမှုအဖြစ် ပြောင်းလဲလိုက်ခြင်းဖြစ်ပြီး၊ စစ်ကောင်စီ၏ အွန်လိုင်းပလက်ဖောင်းများကို ထိန်းချုပ်သည့် နည်းလမ်းတွင် သိသာသော ပြောင်းလဲမှုတစ်ခု ဖြစ်ကြောင်း ဖော်ပြခဲ့ သည်။[6]

ဤသက်ရောက်မှုသည် အိမ်နီးချင်းထိုင်းနိုင်ငံသို့ ပြောင်းရွှေ့သွားရပြီး ဘန်ကောက်၊ ချင်းမိုင်နှင့် မဲဆောက်ကဲ့သို့သော မြို့များတွင် နေထိုင်ကြသည့် မြန်မာရွှေ့ပြောင်းနေထိုင်သူများအပေါ် အထူး ပြင်းထန်စွာ သက်ရောက်လျက်ရှိသည်။ ဤဒေသများတွင် နေထိုင်ကြသောမြန်မာအသိုင်းအဝိုင်းအများစုသည် မိမိတို့၏ မိသားစုများနှင့် ပြည်တွင်းရှိ အသိုင်းအဝိုင်းများနှင့် ဆက်သွယ်မှု ထိန်းသိမ်းရန် အင်တာနက်အပေါ် အလွန်အမင်း မှီခိုနေရသည်။ ၎င်းတို့၏ အတွေ့အကြုံများအား လေ့လာခြင်းသည် ထိုင်းနိုင်ငံရှိ နိုင်ငံဖြတ်ကျော်ပြောင်းရွှေ့နေထိုင်ရသော မြန်မာအသိုင်းအဝိုင်းများ ရင်ဆိုင်နေရသည့် သီးခြားစိန်ခေါ်မှုများကို ဖော်ထုတ်ပြသပြီး၊ အလားတူ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အတားအဆီးများကို ရင်ဆိုင်နေရသော အခြားနေရာအသီးသီးရှိ မြန်မာပြည်သူများအပေါ် ဒစ်ဂျစ်တယ် ကန့်သတ်ချက်များ မည်သို့ သက်ရောက်နေကြောင်း စသည့် အရေးကြီးသော ရည်ရွယ်ချက်နှစ်ခုကို နားလည်သဘောပေါက်စေမည်ဖြစ်သည်။

[6] Shan Herald Agency for News, 'Cybersecurity Law enacted by the Military Council is for keeping people in information darkness', 2 January 2025

VPN ပိတ်ပင်မှုနောက်ပိုင်း မြန်မာနိုင်ငံသားများသည် အင်တာနက်ကို လွတ်လပ်စွာ အသုံးပြုနိုင်ရန် မကြုံစဖူး အတားအဆီးများကို တွေ့ကြုံနေရသည်။ လူအများစုသည် VPN များ၏ မတည်ငြိမ်သော လုပ်ဆောင်မှုနှင့် ချိတ်ဆက်မှု ပြဿနာများမကြာခဏကြုံတွေ့ရသောကြောင့် VPN များစွာကို ဖုန်းအတွင်း ထည့်သွင်းပြောင်းလဲသုံးစွဲနေရသည်။ သို့သော် VPN များ ဖွင့်လှစ်သုံးစွဲနေသောအခါတွင်ပင် အသုံးပြုသူများသည် အင်တာနက် အမြန်နှုန်း သိသိသာသာ ကျဆင်းသွားသည်ကို ကြုံတွေ့နေရပြီး သတင်းနှင့် ဖျော်ဖြေရေးအကြောင်းအရာများကို ဝင်ရောက်ကြည့်ရှုရန် ခက်ခဲစေသည်။ အာဏာသိမ်းပြီးကတည်းက စီးပွားရေးအခြေအနေ သိသိသာသာ ဆိုးရွားသွားသော နိုင်ငံတခုတွင် အင်တာနက် အသုံးပြုသူများအတွက် ငွေပေးဝယ်ယူအသုံးပြုနိုင်သော VPN ရွေးချယ်စရာအချို့ရှိသော်လည်း ၎င်းတို့သည် ငွေကြေးအရ လက်လှမ်းမမှီနိုင်ခြင်းကြောင့် ဤပြဿနာ ပိုမို ဆိုးရွားလာသည်။

ဤသို့ VPN ပိတ်ပင်မှု၏ အကျိုးဆက်များသည် မြန်မာနိုင်ငံ၏ နယ်နိမိတ်များကို ကျော်လွန်သက်ရောက်နေသည်။ အထူးသဖြင့် ထိုင်းနိုင်ငံသို့ရောက်ရှိနေသော ရွှေ့ပြောင်းမြန်မာနိုင်ငံသားများအတွက် အင်တာနက်သည် ပြည်တွင်းရှိ ချစ်ခင်ရင်းနှီးရသူများနှင့် ဆက်သွယ်မှု မပြတ်စေရန် အရေးပါသော အသက် သွေးကြောတခုဖြစ်သည်။ VPN ပိတ်ပင်မှုက ဆင်ဆာဖြတ်တောက်မထားသော သတင်းများ၊ လူမှုကွန်ယက်မီဒီယာပလက်ဖောင်းများနှင့် လုံခြုံသော ဆက်သွယ်ရေး လမ်းကြောင်းများကို ၎င်းတို့ ဝင်ရောက်အသုံးပြုနိုင်မှုကို ပြင်းထန်စွာ ကန့်သတ်ထားသည်။ ဤအဆက်အသွယ် ပြတ်တောက်မှုက မြန်မာနိုင်ငံတွင်း အခြေအနေများကို သိရှိနေနိုင်စွမ်းရည်ကို ဟန့်တားရုံသာမက အရေးကြီးသော အထောက်အပံ့ ကွန်ရက်များမှလည်း သီးခြားအထီးကျန်ဝေးကွာစေပြီး စိတ်ပူပန်မှုနှင့် အားငယ်မှု ခံစားချက်များကို ပိုမိုနက်ရှိုင်းစေသည်။

## သုတေသန ပြုလုပ်ရသည့် အကြောင်းအရင်း

ဤလေ့လာမှုသည် အထူးအရေးပါပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းနေထိုင်သူများအတွက် ဆက်သွယ်ရေးဆိုသည်မှာ သာမန်အဆင်ပြေရေးထက်ကျော်လွန်၍ အသက်သွေးကြောသဖွယ် အရေးကြီးနေသောကြောင့် ဖြစ်သည်။ ၎င်းတို့အနေဖြင့် မိသားစုများနှင့် စိတ်ပိုင်းဆိုင်ရာ ချိတ်ဆက်မှုရှိစေရန်၊ ချစ်ခင်ရသူများ၏ လုံခြုံရေးနှင့် ကောင်းကျိုးချမ်းသာဖြစ်မှုကို သိရှိနိုင်ရန်၊ မြန်မာနိုင်ငံရှိ မိသားစုများအတွက် အရေးပါလှသော ငွေလွှဲပို့မှုများကို စီမံခန့်ခွဲရန်တို့အတွက် အထောက်အကူဖြစ်စေသည်။ နေရပ်စွန့်ခွာရခြင်း၊ စီးပွားရေးအခက်အခဲနှင့် တိုင်းတပါးတွင် ယဉ်ကျေးမှု လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရခြင်းစသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီးဖြစ်သော ရွှေ့ပြောင်းနေထိုင်သူများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် ဆက်သွယ်ရေးလမ်းကြောင်းများ နှောက်ယှက်ပျက်ပြားစေခြင်းက ပိုမိုပြင်းထန်သော အန္တရာယ်များ ဖြစ်ပေါ်စေပါသည်။

VPN ပိတ်ပင်မှုသည် ဒစ်ဂျစ်တယ်အခွင့်အရေးများနှင့် သတင်းအချက်အလက်ရယူခွင့်အပေါ် ပိုမိုကျယ်ပြန့်သော ခြိမ်းခြောက်မှုတစ်ရပ်ကိုလည်း ဖြစ်စေပြီး၊ မြန်မာနိုင်ငံသားများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ ရယူခွင့်တို့ကို ပြင်းထန်စွာ ကန့်သတ်လျက်ရှိသည်။ ဤလေ့လာမှုသည် ဒစ်ဂျစ်တယ်ဖိနှိပ်မှုနှင့် ထိခိုက်လွယ်သော လူမှုအသိုက်အဝန်းအဖွဲ့အစည်းများအပေါ် ၎င်း၏ သက်ရောက်မှုဆိုင်ရာ သုတေသနလေ့လာမှုများတွင် တတပ်တအား ပါဝင်ဖြည့်စွက်ပေးမည်ဖြစ်ပြီး၊ ရွှေ့ပြောင်းနေထိုင်ရသူ အသိုင်းအဝိုင်းများ ရင်ဆိုင်နေရသော သီးခြားစိန်ခေါ်မှုများအပေါ် အရေးကြီးသော သိရှိနားလည်မှုများကို ရရှိစေမည်ဖြစ်သည်။

ဤသုတေသနသည် ရွှေ့ပြောင်းနေထိုင်သူ အသိုင်းအဝိုင်းများအပေါ် VPN ပိတ်ပင်မှု၏ ကျယ်ပြန့်သော သက်ရောက်မှုများ၊ အထူးသဖြင့် မြန်မာနိုင်ငံရှိ မိသားစုများနှင့် မိတ်ဆွေသူငယ်ချင်းများနှင့် လုံခြုံစိတ်ချစွာနှင့် အဆက်မပြတ် ဆက်သွယ်နိုင်စွမ်းအပေါ် အနှောင့်အယှက်ဖြစ်စေပုံကို လေ့လာရန်လည်း ရည်ရွယ်ပါသည်။ ဤလေ့လာမှုသည် ပြည်ပရောက် ရွှေ့ပြောင်းမြန်မာအသိုင်းအဝိုင်းများ အသုံးပြုနေသော ရင်ဆိုင်ဖြေရှင်းရေး နည်းလမ်းများကို ပိုမိုသိရှိနားလည်စေပြီး ဒစ်ဂျစ်တယ်အခွင့်အရေးများနှင့် သတင်းအချက်အလက်ရယူခွင့်အပေါ် ပိုမိုကျယ်ပြန့်သော သက်ရောက်မှုများကို ဆန်းစစ်ကာ၊ ဤအနှောင့်အယှက်များကြောင့် လူတစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် သက်ရောက်မှုများကို လေ့လာဆန်းစစ်မည်ဖြစ်သည်။

ထို့အပြင် ဤသုတေသနသည် Meta ကဲ့သို့သော နည်းပညာကုမ္ပဏီများနှင့် ပြည်တွင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) အတွက် မဟာဗျူဟာမြောက် အကြံပြုချက်များကို ပေးစွမ်းမည်ဖြစ်ပြီး၊ ထိခိုက်ခံရသူများအတွက် ဆက်သွယ်ရေးနည်းပညာများနှင့် ပံ့ပိုးမှုစနစ်များ မြှင့်တင်ရေး ကြိုးပမ်းမှုများကို လမ်းညွှန်ပံ့ပိုးပေးမည်ဖြစ်သည်။ ဤအချက်အလက်များကို သုံးသပ်လေ့လာခြင်းအားဖြင့် VPN ပိတ်ပင်မှုကြောင့် ပြည်ပရောက် မြန်မာများအပေါ် သက်ရောက်နေသော အကျိုးဆက်များကို အပြည့်အဝ နားလည်သဘောပေါက်စေရန်နှင့် စစ်ကောင်စီက ချမှတ်ထားသည့် အင်တာနက်ကန့်သတ်မှုများ၏ သက်ရောက်မှုကို လျှော့ချနိုင်မည့် လက်တွေ့ကျသော နည်းလမ်းများကို ရှာဖွေတင်ပြရန် ရည်ရွယ်ပါသည်။

## သုတေသန ရည်ရွယ်ချက်များ

၁။ VPN ပိတ်ပင်မှု၏ သက်ရောက်မှုကို လေ့လာခြင်း - VPN ပိတ်ပင်မှုကြောင့် ရွှေ့ပြောင်းနေထိုင်သူများသည် မြန်မာနိုင်ငံရှိ မိသားစု၊ ဆွေမျိုးနှင့် မိတ်ဆွေများနှင့် လုံခြုံစွာနှင့် အဆက်မပြတ် ဆက်သွယ်နိုင်မှု အခက်အခဲကို လေ့လာဆန်းစစ်ရန်။

၂။ ဆက်သွယ်ရေး နည်းဗျူဟာများကို နားလည်ခြင်း - ဆက်သွယ်ရေး အတားအဆီးများ ရှိနေသော်လည်း ပြည်ပရောက် မြန်မာများသည် ဤပိတ်ပင်တားဆီးမှုကို မည်သို့ကျော်လွှားပြီး မြန်မာပြည်ရှိ မိသားစုများနှင့် အဆက်အသွယ် ထိန်းထားနိုင်သည်ကို စုံစမ်းလေ့လာရန်။

၃။ ကျယ်ပြန့်သော သက်ရောက်မှုများကို အကဲဖြတ်ခြင်း - ဤပိတ်ပင်တားဆီးမှုများသည် VPN ပိတ်ပင်တားမြစ်မှုကြောင့် ထိခိုက်နစ်နာသူများ၏ ဒစ်ဂျစ်တယ်အခွင့်အရေး၊ သတင်းအချက်အလက် ရယူနိုင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ အပေါ် သက်ရောက်မှုများကို အကဲဖြတ်ရန်။

၄။ အကြံပြုချက်များ ပေးအပ်ခြင်း - Meta ကဲ့သို့သော နည်းပညာကုမ္ပဏီများနှင့် ပြည်တွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် VPN ပိတ်ပင်မှုကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်၊ ဆက်သွယ်ရေး နည်းစနစ်များနှင့် ပံ့ပိုးမှုများ ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များ ပေးအပ်ရန်။

၅။ နားလည်မှု ကွာဟချက်များကို ဖြည့်ဆည်းခြင်း - စစ်ကောင်စီ၏ အင်တာနက်ပိတ်ပင်ကန့်သတ်မှုများသည် ထိခိုက်လွယ်သော ရွှေ့ပြောင်းနေထိုင်သူများ၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ရယူနိုင်မှုအပေါ် သက်ရောက်ပုံကို ပိုမိုနားလည်စေရန်နှင့် စိန်ခေါ်မှုများကို လျှော့ချနိုင်မည့် လက်တွေ့ဖြေရှင်းချက်များ တင်ပြရန်။

## သုတေသန မေးခွန်းများ

၁။ VPN ပိတ်ပင်မှုသည် မြန်မာရွှေ့ပြောင်းနေထိုင်သူများ၏ မြန်မာနိုင်ငံရှိ မိသားစု၊ ဆွေမျိုးနှင့် မိတ်ဆွေများနှင့် လုံခြုံစွာနှင့် အဆက်မပြတ် ဆက်သွယ်နိုင်မှုကို မည်သို့ အနှောင့်အယှက် ဖြစ်စေခဲ့သနည်း။

၂။ ဆက်သွယ်ရေး တားမြစ်ပိတ်ပင်မှုများ ရှိနေသော်လည်း ပြည်ပရောက် မြန်မာရွှေ့ပြောင်းနေထိုင်သူများသည် ပြည်တွင်းရှိ မိသားစုများနှင့် အဆက်အသွယ် မပြတ်စေရန် မည်သည့် နည်းလမ်းများကို အသုံးပြုနေသနည်း။

၃။ ဤဆက်သွယ်ရေး တားမြစ်ပိတ်ပင်မှုများသည် မြန်မာရွှေ့ပြောင်းနေထိုင်သူများ၏ ဒစ်ဂျစ်တယ် အခွင့်အရေး၊ သတင်းအချက်အလက် ရယူနိုင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ အပေါ် မည်သို့ သက်ရောက်မှုများ ရှိသနည်း။

၄။ နည်းပညာကုမ္ပဏီများနှင့် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် VPN ပိတ်ပင်မှုကြောင့် ဆက်သွယ်ရေး အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ မြန်မာရွှေ့ပြောင်းနေထိုင်သူတွေကို ဘယ်လိုပိုကောင်းအောင် ကူညီပံ့ပိုးနိုင်မည်နည်း။

# သုတေသန နည်းစနစ်

## သုတေသန ဒီဇိုင်း

ဤလေ့လာမှုတွင် VPN ပိတ်ပင်မှုက မြန်မာရွှေ့ပြောင်းနေထိုင်သူများအပေါ် သက်ရောက်မှုကို အသေးစိတ် နားလည်နိုင်ရန် အရည်အသွေးစံပြု သုတေသနနည်းလမ်း (Qualitative Research) ကို အသုံးပြုထားသည်။ ဤအကြောင်းအရာနှင့်ပတ်သက်သော တစ်ဦးချင်း၏ အတွေ့အကြုံနှင့် ထင်မြင်ချက်များကို ရရှိစေရန် တစိတ်တပိုင်း သတ်မှတ်ထားသော မေးခွန်းများ (Semi-structured interviews) ဖြင့် မေးမြန်းထားသည်။

## သုတေသန နေရာများနှင့် ဖြေဆိုသူများ

သုတေသနတွင် အသက် ၂၂ နှစ်မှ ၄၀ အထိရှိ အမျိုးသား၊ အမျိုးသမီး ဖြေဆိုသူ စုစုပေါင်း ၂၀ ဦးကို ဦးတည်ထားပြီး၊ မတူကွဲပြားသော အတွေ့အကြုံနှင့် နောက်ခံအခြေအနေများကို ကိုယ်စားပြုသော မြန်မာနိုင်ငံ၏ ဒေသအသီးသီးနှင့် တိုင်းရင်းသားလူမျိုးစု အသိုင်းအဝိုင်းများမှ ပါဝင်ကြသည်။ ပါဝင်သူများသည် ရန်ကုန်နှင့် မန္တလေးကဲ့သို့သော မြို့ကြီးများသာမက အောက်မြန်မာပြည်ရှိ ဧရာဝတီ၊ အလယ်ပိုင်းရှိ စစ်ကိုင်းနှင့် ရှမ်း၊ ချင်း၊ ရခိုင်၊ မွန်၊ ကယား၊ ကရင် စသည့် ပြည်နယ်များမှ ဖြစ်ကြသည်။

နမူနာတွင် အဓိကအုပ်စု ငါးစု ပါဝင်သည် -

၁။ ပညာရပ်နယ်ပယ် အမျိုးမျိုးနှင့် အဆင့်အသီးသီးတွင် ပညာသင်ယူနေသော ကျောင်းသူ၊ ကျောင်းသားများ။ ၎င်းတို့သည် VPN ပိတ်ပင်မှုကြောင့် ရင်ဆိုင်နေရသော ဒစ်ဂျစ်တယ်နှင့် ဆက်သွယ်ရေး စိန်ခေါ်မှုများကို နားလည်စေရန် ရွေးချယ်ထားခြင်း ဖြစ်သည်။


၂။ ဆောက်လုပ်ရေး၊ ဟိုတယ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အလုပ်လုပ်နေသော ရွှေ့ပြောင်းအလုပ်သမားများ။ ၎င်းတို့သည် မြန်မာနိုင်ငံရှိ မိသားစုများနှင့် ဆက်သွယ်မှု ထိန်းသိမ်းရန်

ဒစ်ဂျစ်တယ်ဆက်သွယ်ရေးကို အားထားနေရသူများ၏ အတွေ့အကြုံများကို ကိုယ်စားပြုရန် ရွေးချယ်ထားခြင်း ဖြစ်သည်။

၃။ နိုင်ငံရေးဖိနှိပ်မှုကြောင့် မြန်မာနိုင်ငံမှ ထွက်ခွာလာရသော CDMers (အာဏာရှင် ဖီဆန်ရေး လှုပ်ရှားမှု)တွင် ပါဝင်သူများ။ VPN ပိတ်ပင်မှုနှင့် ဆက်စပ်သော ဒစ်ဂျစ်တယ်ကန့်သတ်မှုများက ၎င်းတို့၏ ဆက်သွယ်ရေးနှင့် စည်းရုံးလှုံ့ဆော်နိုင်မှုအပေါ် မည်သို့သက်ရောက်သည်ကို အဓိကထား လေ့လာမည် ဖြစ်သည်။


၄။ မြန်မာ့အရေးအတွက် လှုပ်ရှားနေသော တက်ကြွလှုပ်ရှားသူများ။ ၎င်းတို့သည် အွန်လိုင်းပေါ်တွင် စောင့်ကြည့်ခံနေရချိန်၌ လှုပ်ရှားမှုများ လုပ်ဆောင်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို မျှဝေပေးမည် ဖြစ်သည်။

၅။ ဒစ်ဂျစ်တယ်အခွင့်အရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းကို အဓိကထား လုပ်ဆောင်နေသော NGO နှင့် CSO အဖွဲ့အစည်းများမှ သုတေသီများနှင့် ကျွမ်းကျင်သူများ။ ၎င်းတို့သည် VPN ပိတ်ပင်မှု၏ နောက်ခံအခြေအနေနှင့် ဉာဏ်ကိစ္စအပေါ် ၎င်းတို့၏ ကျွမ်းကျင်မှုဆိုင်ရာ အမြင်များကို နားလည်စေမည် ဖြစ်သည်။





ပုံ-၁: သုတေသနတွင် ပါဝင်သူများ၏ ကျား/မ အချိုး

ဤအုပ်စုများကို ဘန်ကောက်၊ ချင်းမိုင်နှင့် မဲဆောက်မြို့တို့မှ ရွေးချယ်ထားပါသည်။ အဆိုပါမြို့များသည် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းနေထိုင်သူများ၏ အဓိကစုစည်းရာနေရာများ ဖြစ်ကြသည်။ ဘန်ကောက်နှင့် ချင်းမိုင်သည် ကျောင်းသားများနှင့် ရွှေ့ပြောင်းအလုပ်သမားများ အခြေချနေထိုင်ရာ မြို့ကြီးများဖြစ်ပြီး ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း အမျိုးမျိုးကို ပေးစွမ်းသည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော မဲဆောက်သည် စစ်အုပ်ချုပ်ရေးအောက်မှ တိမ်းရှောင်ထွက်ပြေးလာသူများအတွက် ဝင်ပေါက်အဖြစ် ဆောင်ရွက်နေသောကြောင့် နိုင်ငံရေးရွှေ့ပြောင်းနေထိုင်သူများ၊ CDM ပါဝင်သူများနှင့် တက်ကြွလှုပ်ရှားသူများအတွက် အရေးပါသော နေရာတစ်ခု ဖြစ်သည်။ ပြည်ပတွင် ရောက်ရှိနေသော မြန်မာများ၏ မတူကွဲပြားသော အတွေ့အကြုံများနှင့် စိန်ခေါ်မှုများကို ဘက်စုံမြင်နိုင်ရန် ဤနေရာများကို ရွေးချယ်ထားခြင်း ဖြစ်သည်။




ပုံ-၂: သုတေသနပါဝင်သူများ၏ အသက်အရွယ် အုပ်စုများ




ပုံ-၃: သုတေသနပါဝင်သူများ၏ အုပ်စုအလိုက် ခွဲခြားဖော်ပြချက်

အထက်ပါ နယ်ပယ်ဒေသ နောက်ခံအသီးသီးမှ ပါဝင်ဖြေဆိုကြသူများအပြင် လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သုတေသနနှင့် အသိပညာမြှင့်တင်ရေး လှုပ်ရှားမှုများမှတဆင့် ဒစ်ဂျစ်တယ်အခွင့်အရေးများကို အဓိကထားလုပ်ဆောင်နေသော CSO နှင့် NGO နှစ်ခုမှ ကျွမ်းကျင်သူများနှင့်လည်း တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ဤကျွမ်းကျင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများသည် VPN ပိတ်ပင်မှုက မြန်မာနိုင်ငံရှိ ထိခိုက်လွယ်သော လူမှုအဖွဲ့အစည်းများ၏ ဒစ်ဂျစ်တယ်အခွင့်အရေး၊ ယုံကြည်စိတ်ချရသော သတင်းအချက်အလက် ရယူနိုင်မှုနှင့် ဆက်သွယ်ရေးအပေါ် မည်သို့ သက်ရောက်သည်ကို နားလည်စေသည့် တန်ဖိုးရှိသော အမြင်များကို ပေးစွမ်းခဲ့သည်။ ဖြေဆိုသူများသည် VPN ပိတ်ပင်မှု၏ နောက်ခံအကြောင်းနှင့် ဖြစ်နိုင်ခြေရှိသော ရေရှည်အကျိုးဆက်များကို မျှဝေခဲ့ပြီး၊ ကန့်သတ်ချုပ်ချယ်သော ပတ်ဝန်းကျင်များတွင် လုံခြုံသော ဆက်သွယ်ရေးအတွက် ပံ့ပိုးမှုများ မြှင့်တင်ရန် နည်းပညာကုမ္ပဏီများအတွက် အကြံပြုချက်များ ပေးအပ်ခဲ့သည်။ ၎င်းတို့၏ ရှုထောင့်အမြင်များသည် VPN ပိတ်ပင်မှု၏ ပိုမိုကျယ်ပြန့်သော အကျိုးသက်ရောက်မှုများကို နားလည်ရန်နှင့် ဒစ်ဂျစ်တယ်ကန့်သတ်ချက်များအတွက် ထိရောက်သော တုံ့ပြန်မှုများ ဖော်ဆောင်ရန် အရေးပါလှသည်။

## သုတေသန နမူနာကောက်ယူပုံ

သုတေသနအကြောင်းအရာနှင့် တိုက်ရိုက်သက်ဆိုင်မှုအပေါ် အခြေခံ၍ ပါဝင်သူများကို ရွေးချယ်ရန် တိုက်ရိုက်ရည်ရွယ်သော နမူနာကောက်ယူမှု နည်းလမ်း (Purposive Sampling) ကို အသုံးပြုခဲ့သည်။ VPN ပိတ်ပင်မှု၏ သက်ရောက်မှုကို တိုက်ရိုက်ကြုံတွေ့ခဲ့ရသူများကို ရွေးချယ်ဖော်ထုတ်ရန် အသိုင်းအဝိုင်းတစ်ခုချင်းစီမှ ကြားခံပုဂ္ဂိုလ်များ နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ VPN ပိတ်ပင်မှု၏ သက်ရောက်မှုများကို ဘက်စုံနားလည်နိုင်ရန်၊ ဤသုတေသနတွင် အသက်အရွယ်၊ ကျား/မ၊ လူမှုစီးပွားရေး နောက်ခံအခြေအနေ အမျိုးမျိုးမှ ပါဝင်သူများကို ညီမျှစွာ ကိုယ်စားပြုပါဝင်အောင် ရွေးချယ်ထားသည်။

## အချက်အလက် စုဆောင်းခြင်းနှင့် လေ့လာဆန်းစစ်ခြင်း

ပါဝင်ဖြေဆိုသူများ၏ အတွေ့အကြုံနှင့် အမြင်များကို လေ့လာရန် ၂၀၂၄ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအထိ တစိတ်တပိုင်း သတ်မှတ်ထားသော မေးခွန်းများ (Semi-structured interviews) များဖြင့် တွေ့ဆုံမေးမြန်းမှုများ လုပ်ခဲ့သည်။ ပါဝင်ဖြေဆိုသူများ၏ နေရာနှင့် အဆင်ပြေမှုပေါ် မူတည်ပြီး အင်တာဗျူးများကို မြန်မာဘာသာဖြင့် လူချင်းဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ ဆောင်ရွက်ခဲ့သည်။ ပါဝင်သူဖြေဆိုသူများ၏ခွင့်ပြုချက်ဖြင့် အင်တာဗျူးတချို့ကို အသံသွင်းထားပြီး နောက်ပိုင်း လေ့လာဆန်းစစ်နိုင်စေရန် စာသားအဖြစ် ပြန်လည်ရေးသားခဲ့သည်။

အင်တာဗျူးမှတ်တမ်းများမှ အကြောင်းအရာပုံစံများနှင့် အဓိကအချက်များကို ရှာဖွေလေ့လာရန် အကြောင်းအရာအလိုက် ခွဲခြမ်းစိတ်ဖြာမှုကို ပြုလုပ်ခဲ့သည်။ ပထမဦးစွာ သုတေသီက အချက်အလက်များကို ကောင်းစွာနားလည်ရန် အင်တာဗျူးမှတ်တမ်းများကို အသေးစိတ်ဖတ်ရှုခြင်းဖြင့် စတင်ခဲ့သည်။ ထို့နောက် စာသားအပိုင်းများကို အဓိကအတွေးအခေါ်များနှင့် သဘောတရားများကို ကိုယ်စားပြုသော

အမှတ်အသားများ သတ်မှတ်ပေးပါသည်။ ထိုအမှတ်အသားများကို ပိုမိုကျယ်ပြန့်သော အဓိက အကြောင်းအရာများအဖြစ် စုစည်းခဲ့ပြီး၊ ယင်း အဓိကအကြောင်းအရာများသည် အချက်အလက်များ၏ အနှစ်သာရကို မှန်ကန်စွာ ဖော်ပြနိုင်ပြီး သုတေသနရည်ရွယ်ချက်များနှင့် ကိုက်ညီမှု ရှိမရှိ ပြန်လည်စိစစ် ပြင်ဆင်ခဲ့သည်။

## ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ

ဤလေ့လာမှုတွင် ပါဝင်သူများအတွက် ကျင့်ဝတ်ဆိုင်ရာ သမာသမတ်ကျမှုနှင့် ဘေးကင်းလုံခြုံစေရေး သည် ထိပ်တန်းဦးစားပေး ဖြစ်သည်။ ပါဝင်သူအားလုံးအား သုတေသန၏ ရည်ရွယ်ချက်၊ မည်သည့် အချိန်တွင်မဆို နုတ်ထွက်နိုင်သည့် အခွင့်အရေး၊ ၎င်းတို့၏ အချက်အလက်များကို မည်သို့အသုံးပြုမည် ကို အပြည့်အဝ သိရှိနားလည်စေရန်ခဲ့ပြီး ၎င်းတို့ထံမှ အသိပေးသဘောတူညီချက် ရယူထားပြီးဖြစ် သည်။ လျှို့ဝှက်စွာထိန်းသိမ်းထားရှိနိုင်စေရန် အချက်အလက်အားလုံးကို အမည်မဖော်ဘဲ ထားရှိပြီး၊ အသံဖမ်းမှတ်တမ်းများနှင့် ရေးသားမှတ်တမ်းများကို လုံခြုံစွာ သိမ်းဆည်းထားသည်။

## သုတေသန၏ ကန့်သတ်ချက်များနှင့် စိန်ခေါ်မှုများ

ဤသုတေသန၏ တွေ့ရှိချက်များကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အောက်ပါ သိသာထင်ရှားသည့် ကန့်သတ် ချက်များနှင့် စိန်ခေါ်မှုများအား ထည့်သွင်းစဉ်းစားရန် လိုအပ်သည် ။

မြန်မာနိုင်ငံတွင်း VPN ပိတ်ပင်မှု၏ ထိရှလွယ်သော နိုင်ငံရေးအခြေအနေက သုတေသနပါဝင်ဖြေဆိုသူ များအား ရှာဖွေရေးနှင့် အချက်အလက် ကောက်ယူရေးတွင် သိသာသော အတားအဆီးများ ဖြစ်စေခဲ့ သည်။ သုတေသနတွင်ပါဝင်နိုင်ခြေရှိသူ အများအပြားသည် စစ်အစိုးရထံမှ လုံခြုံရေးဆိုင်ရာ အန္တရာယ် များနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို စိုးရိမ်ကြောင်း ပြောဆိုခဲ့ကြပြီး၊ ဤအချက်က လေ့လာမှု၏

နမူနာအရွယ်အစားနှင့် ရှုထောင့်စုံလင်မှုကို အကန့်အသတ်ဖြစ်စေခဲ့သည်။ စစ်တပ်ထောက်ခံသော မီဒီယာများမှ ကိုယ်ရေးအချက်အလက်များ ဖော်ထုတ်၍ ဖမ်းဆီးရန် တိုက်တွန်းခြင်းခံရပြီး မြန်မာနိုင်ငံမှ ထွက်ပြေးလာရသူများကဲ့သို့ ထိခိုက်လွယ်သော အုပ်စုအချို့ထံ သုတေသနအကြောင်း မေးမြန်းရန်မှာ အထူးစိန်ခေါ်မှုတခု ဖြစ်ခဲ့သည်။ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်မားသောကြောင့် ဤသုတေသန တွင် ပါဝင်နိုင်ခြေရှိသူများကို ဆက်သွယ်ရန် အထူးခက်ခဲခြင်း သို့မဟုတ် ပါဝင်ရန် ငြင်းဆိုခြင်းများ ရှိခဲ့ သည်။ အချက်အလက်များအား ဖြေဆိုသူအမည်မဖော်ဘဲ ထိန်းသိမ်းထားမည်ဟု အာမခံချက်ပေးထား သော်လည်း၊ ပါဝင်ဖြေဆိုသူများသည် ၎င်းတို့၏ VPN အသုံးပြုမှု၊ ဆက်သွယ်ရေး နည်းဗျူဟာများ အကြောင်း အသေးစိတ်အချက်အလက်များကို မျှဝေရန် တွန့်ဆုတ်နေဆဲဖြစ်သည်။ အထူးသဖြင့် ကန့်သတ်ချက်အသစ်များကို ဘယ်လိုရှောင်ရှားသည်ဆိုသည့် နည်းပညာပိုင်းဆိုင်ရာ အချက်အလက် များကို ဖော်ပြရန် ဝန်လေးနေကြသည်။ သူတို့၏ အဖြေများကို အခြေခံ၍ စစ်အစိုးရက ပိတ်ပင်မှုများ ပိုမိုတင်းကြပ်လာမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။

နောက်ထပ်ကန့်သတ်ချက်တခုမှာ ပါဝင်သူအချို့သည် မိမိဆန္ဒအရဖြစ်စေ၊ အခြေအနေအရဖြစ်စေ မြန်မာပြည်တွင်းရှိ မိသားစုများနှင့် အဆက်အသွယ် နည်းပါးခြင်း သို့မဟုတ် လုံးဝမရှိခြင်းကြောင့် လက်ရှိ VPN ပိတ်ပင်မှုနှင့် ၎င်း၏ သက်ရောက်မှုများကို ကောင်းစွာ မသိရှိနိုင်ခြင်း ဖြစ်သည်။ ဤသို့ တိုက်ရိုက်အတွေ့အကြုံမရှိခြင်းက VPN ပိတ်ပင်ကန့်သတ်ချက်များ၏ လက်ရှိအကျိုးသက်ရောက်မှုများ ကို ပြည့်ပြည့်စုံစုံ လေ့လာနိုင်စွမ်းကို အဟန့်အတား ဖြစ်စေခဲ့သည်။

မိသားစုနဲ့ ကွဲကွာနေရခြင်း၊ လုံခြုံရေးအတွက် စိုးရိမ်ရခြင်းစသည့် စိတ်ခံစားမှုပါဝင်တဲ့ ကြုံတွေ့ ခံစားမှုများက သုတေသနမှာ ပါဝင်သူတွေ အဖြစ်အပျက်များအပေါ် မှတ်မိနိုင်စွမ်းနှင့် ပြန်ပြောပြနိုင် စွမ်းတွေအပေါ် သက်ရောက်မှု ရှိနိုင်သည်။ ပါဝင်သူများ၏ အဖြစ်အပျက်များအပေါ် ပြန်လည်အမှတ်

ရမှုနှင့် နေရာဒေသ ကန့်သတ်ချက်များကလည်း နောက်ထပ် အခက်အခဲတွေ ဖြစ်စေခဲ့သည်။ ပါဝင်သူတွေဟာ VPN ကန့်သတ်ချက်တွေနဲ့ ဆက်သွယ်ရေး အနှောင့်အယှက်တွေနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေရဲ့ တိကျတဲ့ အချိန်ကာလတွေကို ပြောပြရာတွင် အခက်အခဲများရှိခဲ့သည်။ ထိုအချက်က ဆက်သွယ်ရေး ပြတ်တောက်မှုများနှင့် နည်းပညာဆိုင်ရာ အခက်အခဲများ မည်မျှကြာကြာ ကြုံတွေ့ရသည်ကို တိကျစွာ သိရှိနိုင်ရန် စိန်ခေါ်မှုများရှိခဲ့သည်။ ဤလေ့လာမှုသည် ထိုင်းနိုင်ငံရှိ အဓိကနေရာသုံးခု (ဘန်ကောက်၊ ချင်းမိုင်နှင့် မဲဆောက်) တွင်နေထိုင်နေသူများ၏ အတွေ့အကြုံများကို လေ့လာထားသော်လည်း၊ မြန်မာပြည်မှ ထွက်ခွာနိုင်သည့် အခွင့်အရေးနှင့် စွမ်းဆောင်ရည်ရှိသော ရွှေ့ပြောင်းနေထိုင်သူများ၏ အမြင်များကိုသာ အဓိက ဖော်ပြနိုင်ခဲ့သည်။ မြန်မာပြည်တွင် ကျန်ရှိနေသူများ၊ အထူးသဖြင့် ကျေးလက်ဒေသများ သို့မဟုတ် စစ်ဘေးဒဏ်သင့် ဒေသများမှ ပြည်သူများ၏ အတွေ့အကြုံများကိုမူ သုတေသနတွင် ပါဝင်သူများ၏ မိသားစုဝင်များထံမှ တဆင့်သာ သိရှိနိုင်ခဲ့သည်။

နည်းပညာပိုင်းဆိုင်ရာ အကန့်အသတ်များက သုတေသနလုပ်ငန်းစဉ်နှင့် ၎င်း၏ ပြည့်စုံမှုကို သက်ရောက်မှုရှိခဲ့သည်။ သုတေသနမှတဆင့် လေ့လာနေသော ဆက်သွယ်ရေး အခက်အခဲများကပင် တွေ့ဆုံမေးမြန်းမှုကို ရှုပ်ထွေးစေခဲ့သည်၊ အထူးသဖြင့် မြန်မာပြည်တွင်းရှိ ပါဝင်သူများ၏ မိသားစုဝင်များထံမှ အချက်အလက်များကို အတည်ပြုရာတွင် အခက်တွေ့ခဲ့သည်။ ဒစ်ဂျစ်တယ်ကန့်သတ်ချက်များနှင့် VPN များ ထိရောက်စွာသုံးစွဲနိုင်မှုသည် လျင်မြန်စွာပြောင်းလဲနေသောကြောင့် ရရှိထားသော အချက်အလက်အချို့သည် ဆန်းစစ်ချက်ပြုလုပ်ချိန်တွင် နောက်ကျနေပြီဖြစ်နိုင်သည်။ ဤအခက်အခဲများကြောင့် နောင်လာမည့် သုတေသနများတွင် ပို၍ကောင်းမွန်သော နည်းလမ်းများ လိုအပ်ကြောင်း တွေ့ရသည်။ အထူးသဖြင့် မတူကွဲပြားသော ပါဝင်သူအုပ်စုများထံ ရောက်ရှိရန်နှင့် ကြုံတွေ့ခံစားရသည်များကို အချိန်နှင့် တပြေးညီ မှတ်တမ်းတင်ရန် လိုအပ်သည်။ သို့သော် ဤလေ့လာမှုသည် ဒစ်ဂျစ်တယ်ကန့်သတ်ချက်

များက နိုင်ငံပြင်ပရောက် ရွှေ့ပြောင်း အသိုင်းအဝိုင်းများအပေါ် မည်သို့သက်ရောက်သည်ဟူသော တန်ဖိုးရှိသော အမြင်များ ပေးနိုင်ခဲ့ပြီး၊ အသိုင်းအဝိုင်းအုပ်စုအမျိုးမျိုးက ဆက်သွယ်ရေး အခက်အခဲများကို မည်သို့ကိုင်တွယ်ဖြေရှင်းသည်ကို အရေးပါသည့် အကြောင်းအရာများ အဖြစ် မီးမောင်းထိုးနိုင်ခဲ့သည်။

## သုတေသန တွေ့ရှိချက်များ

### ဆက်သွယ်ရေး ပုံစံပြောင်းလဲမှု

မြန်မာနိုင်ငံတွင်း VPN ပိတ်ပင်မှုက ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းနေထိုင်သူများနှင့် မိသားစုများ၏ ဆက်သွယ်မှုပုံစံကို ပြောင်းလဲစေခဲ့သည်။ ပိတ်ပင်မှုမတိုင်မီက မြန်မာနိုင်ငံတွင် အသုံးအများဆုံး ဆက်သွယ်ရေးအက်ပ်တစ်ခုဖြစ်သည့် Facebook Messenger မှတဆင့် နေ့စဉ်လိုလို မကြာခဏ ဆက်သွယ်မှု ပြုလုပ်နိုင်ခဲ့သည်။ ဗီဒီယိုခေါ်ဆိုမှုနှင့် စာတိုပို့ခြင်းများဖြင့် ပုံမှန်ဆက်သွယ်ခြင်းသည် ရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့၏ မိသားစုများကြား အရေးပါသော ချိတ်ဆက်မှုများဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာ အားပေးမှုနှင့် မိသားစု လုံခြုံရေးကို အချိန်နှင့်တပြေးညီ စောင့်ကြည့်နိုင်ရန် အထောက်အကူပြုခဲ့သည်။ ဤအချက်သည် စစ်မက်ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် မိဘဆွေမျိုးများရှိနေသူများအတွက် အထူးအရေးကြီးသည်။

ဥပမာအားဖြင့် မဲဆောက်မှ အသက် ၂၄ နှစ်အရွယ် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးက မိမိဇာတိမြို့ရှိ မိသားစုနှင့် ပုံမှန်ဆက်သွယ်မှု ပြုလုပ်နိုင်ခဲ့ကြောင်း ပြောပြခဲ့ပြီး၊ ဘန်ကောက်မှ အသက် ၃၂ နှစ်အရွယ် ကျောင်းသူတစ်ဦးကလည်း မိဘများနှင့် တနေ့လျှင် အနည်းဆုံး နှစ်ကြိမ် ဆက်သွယ်ခဲ့ကြောင်း ပြောပြခဲ့သည်။ ဘန်ကောက်မှ အသက် ၂၂ နှစ်အရွယ် ကျောင်းသားတဦးကလည်း မိသားစုနှင့်အတူ ဗီဒီယိုခေါ်ဆိုမှုဖြင့် ညစာအတူစားလေ့ရှိခဲ့ကြောင်း ပြောပြသည်။ ချင်းမိုင်မှ အသက် ၃၃ နှစ်အရွယ် CDMer တဦးကလည်း မိသားစု၊ သူငယ်ချင်းများနှင့် နိုင်ငံတွင်း ကျန်ရှိနေသော လုပ်ဖော်ကိုင်ဖက်များနှင့် ပုံမှန်ဆက်သွယ်မှု ရှိခဲ့ကြောင်း ဖြေကြားခဲ့သည်။

VPN ပိတ်ပင်မှု စတင်ပြီးနောက် ဤဆက်သွယ်မှုပုံစံများ သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ ပါဝင်သူအများစုက နေ့စဉ်ဆက်သွယ်မှုများသည် တပတ် သို့မဟုတ် နှစ်ပတ်တစ်ကြိမ် ဆက်သွယ်မှုအထိ သိသာ

စွာ လျော့ကျသွားကြောင်း ပြောပြခဲ့သည်။ လက်ရှိ ချင်းမိုင်တွင် ပညာသင်ယူနေသော ဧရာဝတီတိုင်းဒေသကြီးမှ အသက် ၃၅ နှစ်အရွယ် ကျောင်းသူတစ်ဦးက "VPN ပိတ်ပင်ပြီးနောက်မှာ အချင်းချင်း ဆက်သွယ်နိုင်မှု အကြိမ်အရေအတွက်နဲ့ အရည်အသွေး ကျဆင်းသွားတယ်၊ အထူးသဖြင့် မိဘတွေ၊ မိသားစုဝင်တွေ အပြင်မှာသွားလာနေတဲ့အခါမှာ ပိုခက်တယ်" ဟု ပြောပြခဲ့သည်။ ဗီဒီယိုခေါ်ဆိုမှုများသည် ပို၍ခက်ခဲလာခြင်း သို့မဟုတ် လုံးဝမဖြစ်နိုင်တော့ခြင်းနှင့် အသံအရည်အသွေး သိသာစွာ ကျဆင်းလာခြင်းတို့က ဤအခြေအနေကို ပိုမိုဆိုးရွားစေခဲ့သည်။ ချင်းမိုင်မှ အခြားကျောင်းသူတဦး၏ အတွေ့အကြုံက ဤသို့ဆက်သွယ်နိုင်စွမ်းဆုတ်ယုတ်မှုကို ထောက်ပြသည် - "တစ်ခါတစ်ရံ အသံပဲ ကြားရပြီး မျက်နှာကို မမြင်ရဘူး၊ ဗီဒီယိုခေါ်လို့ မရတော့ဘူး၊ တစ်ခါတစ်ရံ အသံအရည်အသွေးကလည်း သိပ်မကောင်းတော့ဘူး"။




ပို၍စိုးရိမ်ဖွယ်ကောင်းသည်မှာ ပါဝင်သူအချို့က ဆက်သွယ်မှု လုံးဝ ပြတ်တောက်သွားသည့် အဖြစ်အပျက်များကို ပြောကြားခဲ့ ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင် မိသားစုနှင့် ဆွေမျိုးများရှိသော CDMer တဦး၏ ပြောဆိုချက်မှာ အလေးအနက်ထားစရာ ဖြစ်သည် - "စစ်ကောင်စီက ကျွန်တော်တို့ဒေသမှာ အင်တာနက်ကို လုံးဝဖြတ်တောက်ထားတာ လေးလ ရှိပြီ" (၂၀၂၄ အောက်တိုဘာလတွင် မေးမြန်းစဉ်)။ အရေးပေါ်အခြေအနေများတွင် ဤဆက်သွယ်မှု ပြတ်တောက်မှုများသည် ကြီးမားသော ပြဿနာ ဖြစ်စေခဲ့ပြီး၊ အချို့ဒေသများတွင် အင်တာနက်နှင့် တယ်လီဖုန်း ဆက်သွယ်မှုများ နှစ်မျိုးလုံး ပျက်ယွင်းသွားခြင်းက

ရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့၏ မိသားစုများကြား ဆက်သွယ်ရေး နည်းလမ်းအားလုံးကို ဖြတ်တောက်လိုက်သည်။

အရေးပေါ်အခြေအနေတွင်း ဆက်သွယ်နိုင်စွမ်းအပေါ် သက်ရောက်မှုမှာလည်း အထူးပြင်းထန်ခဲ့သည်။ အရေးကြီးသတင်းအချက်အလက်များသည် မိသားစုများထံ သိသိသာသာ နှောင့်နှေးစွာ ရောက်ရှိလာတတ်ပြီး၊ အရေးပေါ်အခြေအနေများတွင်း ညှိနှိုင်းဆောင်ရွက်နိုင်ကို ရှုပ်ထွေးစေပြီး ပဋိပက္ခများဖြစ်ပွားနေစဉ် မိသားစု ဆွေမျိုးများ၏ လုံခြုံရေးကို အတည်ပြုရာတွင် အခက်အခဲများ ဖြစ်ပေါ်စေခဲ့သည်။ လက်နက်ကိုင်တိုက်ပွဲများ ပြင်းထန်လာသော မန္တလေးတိုင်းဒေသကြီးတွင် မိသားစုနှင့် ဆွေမျိုးများ ကျန်ရှိနေသော အသက် ၂၇ နှစ်အရွယ် တက်ကြွလှုပ်ရှားသူတစ်ဦးက ဤအခြေအနေ၏ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုကို အလေးပေးဖော်ပြခဲ့သည် - "ကျွန်တော်တို့ ဒေသမှာ ပစ်ခတ်မှု၊ ဗုံးပေါက်ကွဲမှု သို့မဟုတ် ဖမ်းဆီးမှုတွေလို တစ်ခုခုဖြစ်တဲ့အခါ မိသားစုအတွက် စိုးရိမ်ပူပန်မှု၊ ကြောင့်ကြရမှုနဲ့ စိတ်ဖိစီးမှုတွေ ပိုများလာစေတယ်"။ ဤနှောင့်နှေးမှုများက ငွေကြေးလွှဲပြောင်းမှုများနှင့် မိသားစုထံငွေပို့ခြင်းများကဲ့သို့ လက်တွေ့ကိစ္စရပ်များကိုလည်း ထိခိုက်စေပြီး၊ ရှိနှင့်ပြီးသား ခက်ခဲသော အခြေအနေများတွင် စိတ်ဖိစီးမှုများ ဆင့်ကဲဖြစ်ပေါ်စေသည်။

အချုပ်ဆိုရလျှင် VPN ပိတ်ပင်မှုသည် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့၏ ပြည်တွင်းရှိ မိသားစုဆွေမျိုးများကြား ယခင်က တည်ရှိခဲ့သော ဆက်သွယ်မှုပုံစံများကို ထင်ရှားစွာ အနှောင့်အယှက်ဖြစ်စေခဲ့သည်။ ယခင်က နေ့စဉ်ပြုလုပ်နိုင်ခဲ့သော ဗီဒီယိုခေါ်ဆိုမှုများနှင့် စာတိုပို့ခြင်းများသည် အကြိမ်ရေနည်းပါးပြီး အရည်အသွေးလည်း နိမ့်ကျသော ဆက်သွယ်မှုများ ဖြစ်လာခဲ့ပြီး အချို့မှာ လုံးဝ ဆက်သွယ်မှု ပြတ်တောက်သွားခဲ့သည်။ ဤအနှောင့်အယှက်များက ငွေလွှဲပို့ခြင်းများ စီမံဆောင်ရွက်ခြင်းစသည့် လက်တွေ့အခက်အခဲများမှသည် အရေးပေါ်အခြေအနေများတွင် မိသားစု လုံခြုံ

ရေးကို စိစစ်အတည်ပြုရန် အခက်အခဲကြုံတွေ့သည်အထိ သိသာထင်ရှားသော အကျိုးဆက်များ ရှိခဲ့သည်။ ပါဝင်ဖြေဆိုခဲ့သူများ၏ အတွေ့အကြုံများအရ ဤဆက်သွယ်ရေး အခက်အခဲများကြောင့် အထူးသဖြင့် စစ်ဘေးဒဏ်သင့်ဒေသများတွင် မိသားစုများရှိနေသူများအတွက် စိတ်ပူပန်မှုနှင့် မရေရာမှုများ အမြဲတမ်း ဖြစ်ပေါ်နေစေသည်။




## နည်းပညာဆိုင်ရာ အခက်အခဲများ

VPN ပိတ်ပင်မှုကြောင့် ပေါ်ပေါက်လာသော နည်းပညာဆိုင်ရာ အခက်အခဲများက ရွှေ့ပြောင်းနေထိုင်သူများ မိသားစု၊ ဆွေမျိုး၊ သူငယ်ချင်းများနှင့် ဆက်သွယ်ရာတွင် ရှုပ်ထွေးသော ပြဿနာများ ဖြစ်ပေါ်စေခဲ့သည်။ အဓိကပြဿနာမှာ VPN များယုံကြည်စိတ်ချရမှု မရှိခြင်းဖြစ်သည်။ ချင်းမိုင်မှ ကျောင်းသူတဦးက

"အခမဲ့ VPN တွေက စိတ်မချရဘူး၊ အများကြီး install လုပ်ပြီး သုံးနေရတယ်" ဟု ဆိုသည်။ ဘန်ကောက်မှ ကျောင်းသားတဦးကလည်း "စကားပြောနေရင်း VPN က ရုတ်တရက်ပြုတ်ကျသွားတော့ နောက်တခုပြောင်းတဲ့အထိ စောင့်နေရတယ်။ တကယ်စိတ်ပျက်စရာပဲ" ဟု ဆိုသည်။ မိသားစုအများစု သည် ပျမ်းမျှ VPN ၁၀ ခုလောက်အထိ သွင်းထားရပြီး တခုအလုပ်မလုပ်လျှင် တခုပြောင်းသုံးနေရသည်။ ဤသို့ VPN အမြဲပြောင်းလဲအသုံးပြုနေရခြင်းက နည်းပညာနှင့် မရင်းနှီးသော သက်ကြီးမိသားစုဝင်များ အတွက် အထူးခက်ခဲနေသည်။ နောက်ပါဝင်သူတဦးက သူ့အဖေက VPN အက်ပ်တွေ အမြဲပြောင်းနေရ လို့ အရမ်းစိတ်ပျက်နေကြောင်း ပြောပြသည်။

အင်တာနက်လိုင်း အရည်အသွေးညံ့ဖျင်းခြင်းကလည်း ဤပြဿနာများကို ပိုဆိုးစေသည်။ VPN ချိတ် ဆက်မိသော်လည်း အင်တာနက်မြန်နှုန်း ကျဆင်းပြီး မတည်ငြိမ်ကြောင်း ပါဝင်သူများက ပြောပြသည်။ ကျောင်းသားတဦးက "VPN တွေ အများကြီးပြောင်းသုံးနေရတော့ ရှိရင်းစွဲ အင်တာနက်လိုင်း အရည် အသွေးက ပိုညံ့သွားတယ်" ဟု ဖော်ပြသည်။ ကျေးလက်ဒေသများတွင် ဤပြဿနာ ပိုဆိုးပြီး၊ မြို့ပြနှင့် ကျေးလက်နှစ်ခုစလုံးတွင် လျှပ်စစ်မီးပျက်တောက်မှုများကလည်း ပိုဆိုးလာကြောင်း ရွှေ့ပြောင်းအလုပ် သမားတဦးက "VPN ပြဿနာအပြင် Wifi အင်တာနက်လိုင်း ညံ့တာနဲ့ မီးမမှန်တာတွေကလည်း ပြဿနာ ဖြစ်လာတယ်" ဟု ပြောပြသည်။

ငွေကြေးကုန်ကျမှုကလည်း နောက်ထပ်ပြဿနာတခု ဖြစ်လာသည်။ VPN သုံးရခြင်းကြောင့် ဒေတာ သုံးစွဲမှု ပိုများလာပြီး၊ ချိတ်ဆက်မှု မအောင်မြင်၍ ထပ်ခါထပ်ခါ ကြိုးစားရခြင်း၊ အင်တာနက်နှင့် ဆက် သွယ်ရေးကုမ္ပဏီများက ဈေးနှုန်းမြှင့်တင်ခြင်းတို့ကြောင့် ကုန်ကျစရိတ် ပိုများလာသည်။ မဲဆောက်မှ ရွှေ့ပြောင်းအလုပ်သမားတစ်ဦးက "အခပေးဝယ်ယူရတဲ့ VPN တွေက ဈေးကြီးတယ်၊ ကျေးလက်ဒေသ တွေမှာဆိုပိုပြီး သုံးဖို့ခက်တယ်။ ပိုက်ဆံရှိရင်တောင် ဝယ်သုံးဖို့ မလွယ်ဘူး" ဟု ပြောပြသည်။ မဲဆောက်

မှ CDMer တစ်ဦးက "အင်တာနက်တနာရီသုံးဖို့ ကျပ် ၅၀၀၀/၁၀၀၀၀ လောက်ကုန်တယ်။ တခါတရံ သူတို့က အဲဒီပိုက်ဆံနဲ့ အရေးကြီးတဲ့ပစ္စည်းတွေ ဝယ်တာကို ဦးစားပေးတော့ မိသားစုနဲ့ ဆက်သွယ်မှုတွေ သတင်းအချက်အလက်ရရှိမှုတွေ ပြတ်တောက်သွားတယ်" ဟု ဖြည့်စွက်ပြောပြသည်။

နည်းပညာကျွမ်းကျင်မှု အားနည်းခြင်းသည်လည်း အဓိကအတားအဆီးတခု ဖြစ်လာသည်။ အထူးသဖြင့် မြန်မာပြည်တွင်းရှိ သက်ကြီးမိသားစုဝင်များအတွက် VPN အက်ပ်များကို စီမံရန် ခက်ခဲနေကြောင်း ပါဝင်သူများက ပြောပြကြသည်။ ပါဝင်သူတဦးက "နည်းပညာနဲ့ မရင်းနှီးတဲ့ မိဘတွေနဲ့ သက်ကြီးဆွေမျိုးတွေအတွက် VPN အမျိုးမျိုးပြောင်းသုံးရတာ အထူးခက်ခဲနေတယ်" ဟု ဖော်ပြသည်။ ဤသို့ နည်းပညာဆိုင်ရာ အခက်အခဲ အတားအဆီးများကြောင့် သက်ကြီးမိဘဆွေမျိုးများအနေဖြင့် လူငယ်လူရွယ်များအပေါ် နည်းပညာပိုင်းအရ ပိုမိုမှီခိုလာရပြီး ထိုသို့ နည်းပညာပိုင်း အကူအညီများ မရရှိပါက ဆက်သွယ်ရေး နှောင့်နှေးခြင်း သို့မဟုတ် လုံးဝမဆက်သွယ်နိုင်ခြင်းများ ဖြစ်လာသည်။

Starlink ကဲ့သို့ အခြားရွေးချယ်စရာ နည်းလမ်းများ ရှိသော်လည်း ဈေးနှုန်းကြီးမြင့်ခြင်းနှင့် အခြားကန့်သတ်ချက်များကြောင့် လူအများစုအတွက် မဖြစ်နိုင်သေးပေ။ ဘန်ကောက်မှ ရွှေ့ပြောင်းအလုပ်သမားတဦးက "အခု Starlink က ရွေးချယ်စရာတခုဖြစ်လာပေမယ့် နေရာတိုင်းမှာ မရနိုင်သေးဘူး၊ ဈေးလည်းကြီးတယ်" ဟု ပြောပြသည်။ ဤကန့်သတ်ချက်များကြောင့် ပိုမိုကောင်းမွန်သော ဆက်သွယ်ရေးနည်းပညာများ ရှိနေသော်လည်း မိသားစုအများစုသည် စိတ်မချရသော VPN များနှင့် ညံ့ဖျင်းသော အင်တာနက်လိုင်းများကို ဆက်လက်အားထားအသုံးပြုနေရသည်။

ဤနည်းပညာဆိုင်ရာ အခက်အခဲများက မိသားစုဆက်သွယ်ရေးမှသည် ငွေကြေးလွှဲပြောင်းမှုအထိ ရွှေ့ပြောင်းနေထိုင်သူများ၏ နေ့စဉ်ဘဝအပေါ် ဆင့်ကဲသက်ရောက်မှုများ ဖြစ်ပေါ်စေသည်။ VPN

စွမ်းဆောင်ရည်များအပေါ် မယုံကြည်ရခြင်း၊ အင်တာနက်ဆက်သွယ်ရေးအခြေခံအဆောက်အအုံ အားနည်းခြင်း၊ ငွေကြေးအခက်အခဲနှင့် နည်းပညာကျွမ်းကျင်မှု အကန့်အသတ်များက နိုင်ငံဖြတ်ကျော် မိသားစုဆက်သွယ်ရေးကို ထိန်းသိမ်းရန် အထူးခက်ခဲစေပြီး၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့၏ မိသားစုများသည် ဆက်သွယ်ရေး အရည်အသွေးနှင့် အကြိမ်အရေအတွက် လျော့နည်းသွားသည်ကို လက်ခံရင်း ဆက်သွယ်ရေး နည်းစနစ်များကို အမြဲပြောင်းလဲအသုံးပြုနေရသည်။




## စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ

VPN ပိတ်ပင်မှုက ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းနေထိုင်သူများနှင့် မြန်မာပြည်ရှိ ၎င်းတို့၏ မိသားစု၊ မိတ်ဆွေများအကြား ဆက်သွယ်မှု ထိန်းသိမ်းနိုင်စွမ်းကို အခြေခံကျကျ ပြောင်းလဲစေခဲ့ပြီး၊ စိတ်ဒဏ်ရာ

နှင့် စိတ်ခံစားမှုဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ VPN ပိတ်ပင်မှုကြောင့် နေ့စဉ်စိတ်ဖိစီးမှုမှသည် အရေးပေါ်အခြေအနေများ၌ မိသားစုလုံခြုံရေးအတွက် အလွန်အမင်း စိုးရိမ်ပူပန်မှုအထိ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှု အလွှာပေါင်းစုံဖြစ်ပေါ်နေသည်ဟု သုတေသနအရ တွေ့ရှိခဲ့သည်။

မိသားစု၊ သူငယ်ချင်းများနှင့် ပုံမှန်ဆက်သွယ်၍ မရခြင်းက ရွှေ့ပြောင်းနေထိုင်သူများအတွက် စဉ်ဆက်မပြတ် စိုးရိမ်ပူပန်မှုနှင့် စိတ်ဖိစီးမှုများ ဖြစ်ပေါ်စေသည်။ အထူးသဖြင့် စစ်ဘေးဒဏ်သင့်ဒေသများတွင် ဆက်သွယ်မှု မရှိခြင်းက မိသားစုလုံခြုံရေးအတွက် ပြင်းထန်သော စိုးရိမ်မှုများ ဖြစ်ပေါ်စေသည်။ မဲဆောက်မှ ရွှေ့ပြောင်းအလုပ်သမားတဦးက "အခုလက်ရှိ ကျွန်တော့်မိသားစုနဲ့ ဆွေမျိုးတွေနေတဲ့ဒေသမှာ တိုက်ပွဲတွေနဲ့ လက်နက်ကိုင်ပဋိပက္ခတွေ နေ့တိုင်းဖြစ်နေတယ်၊ လက်နက်ကြီးပေါက်ကွဲမှုတွေနဲ့ မိုင်းအန္တရာယ်တွေလည်း ရှိနေတယ်… သူတို့ သေဆုံး၊ ဒဏ်ရာရ သို့မဟုတ် လက်နက်ကိုင်အဖွဲ့တွေက ဖမ်းဆီးခံရမှာကို ကျွန်တော် ကြောက်နေရတယ်"။ မိသားစု၏ ဘေးကင်းလုံခြုံမှုနှင့်ပတ်သက်၍ အမြဲတမ်း မသေချာမရေရာသော အခြေအနေသည် ရွှေ့ပြောင်းနေထိုင်သူအများစုအတွက် စိတ်ဖိစီးမှု အကြီးမားဆုံး အကြောင်းရင်း ဖြစ်လာခဲ့သည်။

မိသားစုနှင့် ဘဝထဲက အရေးကြီးတဲ့ အချိန်တွေကို မျှဝေလို့မရတာ၊ မိသားစုဆီက စိတ်ပိုင်းဆိုင်ရာ အားပေးမှုတွေ မရနိုင်တာတွေကလည်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်သက်ရောက်မှုများကို ပိုမိုဆိုးရွားစေသည်။ ချင်းမိုင်မှ CDMer တစ်ဦးက "မိသားစုကို ဆက်သွယ်ပြီး ကိုယ့်ခံစားချက်တွေ ပြောပြချင်တဲ့အခါ သူတို့ အွန်လိုင်းမှာ မရှိလို့ မပြောပြနိုင်တာ စိတ်ပိုင်းဆိုင်ရာအရ အရမ်းခက်ခဲတယ်… တချို့ပြဿနာတွေက မိသားစုနဲ့ပဲ မျှဝေလို့ရမယ့် ပြဿနာတွေ၊ မိသားစုပဲ နားလည်နိုင်မယ့် ပြဿနာတွေဖြစ်နေတော့ မိသားစုနဲ့ မမျှဝေနိုင်တာ စိတ်ဓာတ်ကျစရာဖြစ်တယ်"။ ဘန်ကောက်မှ ကျောင်းသားတဦးကလည်း "ကျောင်းလခ၊ အိမ်လခတို့လို ငွေကြေးကိစ္စတွေ မိဘတွေနဲ့ တိုင်ပင်ပြောဆိုဖို့လိုတဲ့အချိန်တွေမှာ

မိသားစုနဲ့ ကောင်းကောင်းမဆက်သွယ်နိုင်ရင် အိမ်လခတွေကလည်း ပေးရမယ့်အချိန်ရောက်နေတော့ ပိုစိတ်ပူရတယ်"။ နိုင်ငံရေးအခြေအနေကြောင့် မြန်မာနိုင်ငံမှ တိမ်းရှောင်ထွက်ပြေးလာသူများ၊ CDM လှုပ်ရှားမှုတွင် ပါဝင်သူများ၊ စစ်မှုထမ်းခြင်းကို ရှောင်ရှားရန် သို့မဟုတ် ပညာဆက်လက်သင်ယူရန် နိုင်ငံမှ ထွက်ခွာလာရသော လူငယ်များအတွက် မိသားစုနှင့် စိတ်ခံစားမှုအရ အဆက်ပြတ်နေရတာက ရွှေ့ပြောင်းနေထိုင်သူတွေကို သီးခြားဖြစ်နေသလို ခံစားရစေသည်။

စစ်တပ်က VPN သုံးစွဲမှုကို စောင့်ကြည့်နေခြင်းနှင့် ပတ်သက်၍ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကလည်း စိတ်ဖိစီးမှု၏ အဓိကအရင်းအမြစ်တခု ဖြစ်လာသည်။ ပါဝင်သူတဦးက စစ်တပ်မှ VPN ရှိသူများကို ဖမ်းဆီးပြီး ငွေညှစ်ခြင်း၊ တစ်ခါတစ်ရံ ဖမ်းဆီးထိန်းသိမ်းခြင်းများကြောင့် သူ့မိသားစုတွင် စိုးရိမ်မှုများ တိုးလာကြောင်း ပြောဆိုခဲ့သည်။ ဘန်ကောက်မှ အသက် ၂၂ နှစ်အရွယ် ကျောင်းသားတဦးက "ကျွန်တော်တို့ မိသားစုနေတဲ့ ရပ်ကွက်မှာ လူတစ်ယောက်ကို စစ်တပ်က စစ်ဆေးတော့ ဖုန်းထဲမှာ VPN တွေ့လို့ ပိုက်ဆံအများကြီး ပေးလိုက်ရတဲ့ကိစ္စ ဖြစ်ခဲ့တယ်"။ ဘန်ကောက်မှ ရွှေ့ပြောင်းအလုပ်သမားတဦးက လူအများစုသည် ဖုန်းကို အိမ်မှာထားခဲ့ကြရပြီး သို့မဟုတ် ခလုတ်နှိပ်ဖုန်းများကိုသာ အပြင်ထွက်တဲ့အခါ သုံးကြရကြောင်း၊ အဘယ်ကြောင့်ဆိုသော် စစ်တပ်က စစ်ဆေးပြီး VPN တွေ့ရင် ဖမ်းဆီးသောကြောင့် ဖြစ်ပြီး၊ ဆက်သွယ်မှုပြတ်တောက်နေချိန်တွင် မိသားစုဝင်များ၏ လုံခြုံရေးအတွက် နောက်ထပ်စိတ်ဖိစီးမှု ဖြစ်စေကြောင်း မှတ်ချက်ပြုခဲ့သည်။

အရေးပေါ်အခြေအနေတွေမှာ ဆက်သွယ်လို့မရတာက စိတ်ဖိစီးမှု အထူးဖြစ်စေတဲ့ အကြောင်းရင်းတခု ဖြစ်လာသည်။ အရေးပေါ်အချိန်တွေမှာ မိသားစုနဲ့ ဆက်သွယ်လို့မရတာက စိတ်ပူပန်မှုတွေ အရမ်းများလာပြီး ဘာမှမတတ်နိုင်တဲ့ ခံစားချက်တွေ ဖြစ်စေသည်။ ပါဝင်ဖြေဆိုသူတစ်ဦးက "ကျွန်တော်တို့ဒေသမှာ ပစ်ခတ်မှု၊ ဗုံးပေါက်ကွဲမှု သို့မဟုတ် ဖမ်းဆီးမှုတွေလို တစ်ခုခုဖြစ်တဲ့အခါ မိသားစုအတွက်

စိုးရိမ်ပူပန်မှု၊ စိတ်ဖိစီးမှုတွေ ပိုများလာတယ်" ဟု ဖော်ပြသည်။ မဲဆောက်မှ ရွှေ့ပြောင်းအလုပ်သမား တဦးက "ဆက်သွယ်မှု အခက်အခဲကြောင့် ငွေလွှဲပို့တာတွေ လက်ခံရရှိကြောင်း အတည်ပြုဖို့ ကြန့်ကြာတယ်... မိသားစုက ငွေရရှိ မရရှိ၊ လွှဲပြောင်းမှုအဆင်ပြေ မပြေ မသိရလို့ စိတ်ဖိစီးရတယ်" ဟု ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံတွင်းရှိ မိသားစုများအတွက် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုသည် ကွဲပြားသော်လည်း အလားတူ ပြင်းထန်သည်။ ၎င်းတို့သည် ဆက်သွယ်ရေး အခက်အခဲများနှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများနှင့် ပတ်သက်သော စိတ်ဖိစီးမှုများကို တပြိုင်နက်တည်း ခံစားနေရသည်။ ချင်းမိုင်မှ ရွှေ့ပြောင်းအလုပ်သမားတဦးက "ဆက်သွယ်မှု မချောမွေ့တာနဲ့ ခက်ခဲတာကြောင့် မိသားစုဝင်များကြား စိတ်ပျက်မှုနဲ့ စိတ်ခံစားမှု ပဋိပက္ခတွေ ဖြစ်လာတယ်"။ ချင်းမိုင်မြို့က ကျောင်းသူတယောက် ပြောပြတဲ့အတိုင်း "စိတ်ပင်ပန်း၊ အချိန်ကုန်၊ ငွေကုန်" ဖြစ်နေပြီး မိသားစုတွေဟာ တစ်ဖက်က ဆက်သွယ်မှု မပြတ်အောင်၊ နောက်တဖက်က ဘေးအန္တရာယ်ကင်းအောင် အမြဲတမ်း စီမံနေရတဲ့ အခြေအနေ ဖြစ်နေပါတယ်။

နည်းပညာနှင့် ရင်းနှီးမှုမရှိသော သက်ကြီးမိသားစုဝင်များအတွက် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှု ပိုမိုပြင်းထန်သည်။ ရွှေ့ပြောင်းအလုပ်သမားတစ်ဦးက "နည်းပညာနဲ့ မရင်းနှီးတဲ့ မိဘတွေနဲ့ သက်ကြီးဆွေမျိုးတွေအတွက် VPN အမျိုးမျိုးပြောင်းသုံးရတာ အရမ်းခက်ခဲနေတယ်" ဟု ပြောပြခဲ့ပြီး ခက်ခဲနေတဲ့ အခြေအနေထဲ စိတ်ပျက်မှုနဲ့ ဘာမှမတတ်နိုင်တဲ့ ခံစားချက်တွေ ထပ်တိုးလာတယ်ဟု ဆိုသည်။ ဤကဲ့သို့ နည်းပညာကွာဟမှုကြောင့် အခြေခံဆက်သွယ်မှုအတွက် အခြားသူများအပေါ် မှီခိုနေရသဖြင့် နောက်ထပ်စိတ်ဖိစီးမှုများ ဖြစ်ပေါ်စေသည်။

ဤစိန်ခေါ်မှုများ၏ စုပေါင်းသက်ရောက်မှုက ရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့၏ မိသားစုများအပေါ် စဉ်ဆက်မပြတ် စိုးရိမ်ပူပန်မှုနှင့် မသေချာမရေရာမှု အခြေအနေကို ဖြစ်ပေါ်စေခဲ့သည်။ မဲဆောက်မှ တက်ကြွလှုပ်ရှားသူတဦးက "VPN မပိတ်ခင်က မိသားစုဝင်တွေ messenger မှာ active (အစိမ်းရောင်) ဖြစ်နေတာပဲ မြင်ရရင်တောင် သူတို့ဘေးကင်းတယ်ဆိုတာ သိရလို့ စိတ်အေးရတယ်" ဟု ပြောဆိုခဲ့သည်။ ဤသို့ပြောဆိုက အွန်လိုင်းပေါ်တွင် ရှိနေကြောင်း ရိုးရှင်းသော အချက်ပြမှုလေးက စိတ်ပိုင်းဆိုင်ရာ သက်သာမှုကို ပေးခဲ့ပုံနှင့် ယခုအခါ ထိုအရာ ဆုံးရှုံးသွားပြီဖြစ်သောကြောင့် နိုင်ငံဖြတ်ကျော် မိသားစုဆက်ဆံရေးများ၏ စိတ်ခံစားမှုဆိုင်ရာ အခြေအနေကို အခြေခံကျကျ ပြောင်းလဲသွားစေခဲ့ကြောင်း ဖော်ပြနေသည်။



## ရင်ဆိုင်ဖြေရှင်း နည်းလမ်းများ

လေ့လာမှုအရ မြန်မာရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့၏မိသားစုများသည် VPN ပိတ်ပင်မှုကို တုံ့ပြန်ရန် ဖြေရှင်းရေး နည်းလမ်းအမျိုးမျိုးကို ဖော်ထုတ်အသုံးပြုနေကြသည်။ အချို့က ဆက်သွယ်ရန် အချိန်သတ်မှတ်သည့် နည်းလမ်းကို အသုံးပြုပြီး၊ ညနေပိုင်း သို့မဟုတ် စနေ တနင်္ဂနွေပိတ်ရက်များတွင် ဆက်သွယ်ရန် အချိန်သတ်မှတ်ထားကြသည်။ ဘန်ကောက်မှ အသက် ၂၈ နှစ်အရွယ် ရွှေ့ပြောင်းအလုပ်သမားတဦးက အလုပ်ပိတ်ရက်နှင့် အချိန်ပိုရတဲ့ ညနေပိုင်းတွေမှာ မိသားစုနဲ့ ဆက်သွယ်လေ့ရှိကြောင်း ပြောပြသည်။ မိသားစုများသည် ဆက်သွယ်ရေးအက်ပ်အမျိုးမျိုးကို ပြောင်းလဲအသုံးပြုခြင်းနှင့် တစ်ခါတစ်ရံ စျေးပိုကြီးသော်လည်း ရိုးရိုးဖုန်းခေါ်ဆိုမှုများကိုလည်း ပြုလုပ်လာကြသည်။

VPN အမျိုးအပြားပြောင်းလဲသုံးစွဲခြင်းသည် အဓိက ဖြေရှင်းရေးနည်းလမ်းတခု ဖြစ်လာသော်လည်း ၎င်းနှင့်အတူ စိန်ခေါ်မှုများလည်း ရှိနေသည်။ မိသားစုများသည် ဆက်သွယ်မှု မပြတ်တောက်စေရန် အခမဲ့ VPN အက်ပ်အများအပြားကို တပြိုင်နက်တည်း ထည့်သွင်းထားလေ့ရှိကြောင်း ပါဝင်သူများက ပြောပြသည်။ ပါဝင်သူတစ်ဦးက "လူတွေအများစုက VPN ၆-၇ ခုလောက် install လုပ်ထားကြတယ်၊ ဘာလို့လဲဆိုတော့ အမြဲတမ်း အလုပ်မဖြစ် သုံးမရဘူး၊ စိတ်မချရဘူး"။ ဤနည်းလမ်းသည် အသုံးများသော်လည်း နည်းပညာနှင့် မရင်းနှီးသော သက်ကြီးမိသားစုဝင်များအတွက် နောက်ထပ်ရှုပ်ထွေးမှုများ ဖြစ်စေသည်။ ဘန်ကောက်မှ ရွှေ့ပြောင်းအလုပ်သမားတဦးက "မိသားစုက အခမဲ့ VPN ၄-၅ ခု သုံးတယ်၊ ဒါပေမယ့် စိတ်မချရလို့ တခုကနေတခု အမြဲပြောင်းနေရတယ်" ဟု ပြောပြသည်။ ဤအချက်က ဆက်သွယ်ရေး မပြတ်တောက်စေရန် အမြဲတမ်း လိုက်လျောညီထွေလုပ်ယူနေရသည့် အခြေအနေကို မီးမောင်းထိုးပြနေသည်။

အခြားဆက်သွယ်ရေးပလက်ဖောင်းများကို ပြောင်းလဲအသုံးပြုခြင်းသည် နောက်ထပ်အဓိက လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်သည့် နည်းဗျူဟာတစ်ခု ဖြစ်သည်။ ချင်းမိုင်မြို့မှ ကျောင်းသူတဦးက "လူတွေအများစုက တခြားပလက်ဖောင်းတွေ (ဥပမာ - Viber, Signal, Telegram) ကို ပြောင်းသုံးကြတယ်၊ ဘာလို့လဲဆိုတော့ ဖုန်းထဲမှာ VPN ထည့်ထားရင် အန္တရာယ်ရှိလို့" ဟု ပြောပြသည်။ သို့သော် အခြားကျောင်းသူတဦးက "အင်တာနက်နဲ့ VPN ပြဿနာတွေကြောင့် မိသားစုဝင်တွေက အင်တာနက်သုံးတာ လျော့ချလာကြတယ်။ အရေးပေါ်အခြေအနေမှာ ကျွန်မတို့ကို ဆက်သွယ်ဖို့လိုတဲ့အခါမှပဲ အင်တာနက်သုံးဖို့ ကြိုးစားကြတယ်" ဟု မှတ်ချက်ပြုခဲ့သည်။

လူမှုအသိုင်းအဝိုင်းအတွင်း ပံ့ပိုးကူညီမှုစနစ်များသည် မိသားစုများအတွက် ဤနည်းပညာဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားရာတွင် အရေးပါလာသည်။ အထူးသဖြင့် လူငယ်များသည် ဆက်သွယ်ရေးနည်းပညာအတွက် အဓိက ကူညီပေးသူများအဖြစ် ပေါ်ထွက်လာသည်။ ရွှေ့ပြောင်းအလုပ်သမား လူငယ်တဦးက ယခုအခါ ဆက်သွယ်ရေးတွင် "အဆင့်ဆင့် (တိုက်ရိုက်မဟုတ်) လုပ်ရတယ်၊ မိသားစုနဲ့ ဆွေမျိုးတွေက နည်းပညာနဲ့ မရင်းနှီးလို့ တခြားသူတွေရဲ့ အကူအညီယူပြီး မိသားစုကို ဆက်သွယ်ရတယ်" ဟု ဖော်ပြခဲ့သည်။ အခြားရွှေ့ပြောင်းအလုပ်သမားတစ်ဦးက မိသားစုဝင်များသည် ဆက်သွယ်ရေး ထိန်းသိမ်းရန် "လူငယ်တွေ သို့မဟုတ် မိုဘိုင်းဖုန်းဆိုင်တွေဆီက အကူအညီရယူရတယ်" ဟု ပြောပြခဲ့သည့် အတိုင်း မျိုးဆက်များအကြား အကူအညီပေးမှုသည် အရေးပါလာသည်။

တိုက်ရိုက်ဆက်သွယ်၍ မရသော အခြေအနေများတွင် မိသားစုများသည် သွယ်ဝိုက်ဆက်သွယ်နည်းများကို တီထွင်လာကြသည်။ ရွှေ့ပြောင်းအလုပ်သမားတဦးက "ကျွန်တော် ရန်ကုန်က သူငယ်ချင်းကို (အွန်လိုင်းမှတဆင့်) ဖုန်းဆက်ပြီး မိသားစုဆီ သတင်းပါးခိုင်းရတယ်" ဟု ဆိုသည်။ ဤကဲ့သို့ တဆင့်ခံဆက်သွယ်နည်းများသည် အကောင်းဆုံးမဟုတ်သော်လည်း မိသားစုဆက်သွယ်မှု မပြတ်တောက်ရန်


အရေးပါသော အရံနည်းလမ်းဖြစ်သည်။ ပါဝင်သူအချို့က အရေးပေါ်အခြေအနေများတွင် ဈေးကြီး သော်လည်း ရိုးရိုးဖုန်းခေါ်ဆိုမှုများကို ပြုလုပ်ကြောင်း ပြောပြကြသည်။ ဘန်ကောက်မှ ရွှေ့ပြောင်း အလုပ်သမားတဦးက အခြားနည်းလမ်းများ မရတော့လျှင် "ပြည်တွင်းနံပါတ်ကို တိုက်ရိုက်ခေါ်ရတယ် ၊ ပိုကုန်ကျပြီး ဈေးကြီးတယ်" ဟု ဆိုသည်။

လုံခြုံရေးကို အလေးထားထည့်သွင်းစဉ်းစားသော အပြုအမူများသည်လည်း ဖြေရှင်းရေးနည်းဗျူဟာ များ၏ အစိတ်အပိုင်းတခု ဖြစ်လာသည်။ မိသားစုများသည် ဆက်သွယ်မှု ထိန်းသိမ်းရင်း အန္တရာယ် လျှော့ချရန် နည်းလမ်းများ ဖော်ထုတ်လာကြသည်။ ပါဝင်သူတစ်ဦးက သူ၏မိသားစုဝင်များ အပြင် ထွက်တိုင်း VPN များကို ဖုန်းထဲမှ ဖျက်ပစ်ခြင်း သို့မဟုတ် ခလုတ်နှိပ်ဖုန်းကိုသာ ယူဆောင်သွားခြင်းဖြင့် စစ်တပ်၏စစ်ဆေးမှုမှ ဘေးကင်းအောင် လုပ်ကြောင်း ဖော်ပြခဲ့သည်။ မိသားစုတွေအတွက် ဆက်သွယ် ရေးလိုအပ်ချက်နဲ့ လုံခြုံရေးစိုးရိမ်မှုကြား ဟန်ချက်ညီအောင် သတိထားပြီး နေ့စဉ်လုပ်ဆောင်နေရတဲ့ အရာတခု ဖြစ်လာသည်။

မိသားစုအချို့က ပိုမိုအဆင့်မြင့်သော နည်းပညာဖြေရှင်းချက်များကို စမ်းသပ်သုံးစွဲလာနိုင်ကြသည်။ မြောက်ပိုင်းရှမ်းပြည်နယ်တွင် မိသားစုနှင့် ဆွေမျိုးများရှိသော ရွှေ့ပြောင်းအလုပ်သမားတဦးက "အခု Starlink သုံးနိုင်ပေမယ့် အမြဲမရနိုင်ဘူး၊ ဈေးလည်းကြီးတယ်" ဟု ဖော်ပြခဲ့ပြီး၊ အခြား အင်တာနက် ဝန်ဆောင်မှုများ ရနိုင်သော်လည်း ရရှိနိုင်မှုနှင့် ကုန်ကျစရိတ် ကန့်သတ်ချက်များကြောင့် အကန့်အသတ် ဖြစ်နေကြောင်း မီးမောင်းထိုးပြခဲ့သည်။

ဤဖြေရှင်းရေးနည်းလမ်းများသည် သိသာထင်ရှားသော လိုက်လျောညီထွေ ဖြစ်မှုကို ပြသနေသော် လည်း နိုင်ငံဖြတ်ကျော် မိသားစုများ ရင်ဆိုင်နေရသော ဆက်သွယ်ရေး စိန်ခေါ်မှုများအတွက် တစိတ်

တပိုင်းသာ ဖြေရှင်းပေးနိုင်သည်။ တက်ကြွလှုပ်ရှားသူတဦးက "စစ်တပ်ရဲ့ ကန့်သတ်ချုပ်ချယ်မှုကြောင့် မလိုအပ်တဲ့ အရာတွေ၊ ထပ်ဆောင်းဝန်ထုပ်ဝန်ပိုးတွေကို လုပ်နေရတာ ဒေါသထွက်မိတယ်။ သတင်းအချက်အလက် ရယူပိုင်ခွင့်က ကျွန်တော်တို့ရဲ့ အခြေခံအခွင့်အရေးတခုဖြစ်ပြီး အခု ချိုးဖောက်ခံနေရတယ်" ဟု ဆိုသည်။ ဤစကားက ယခင်က ရိုးရှင်းပြီး တိုက်ရိုက်ဆက်သွယ်နိုင်ခဲ့သော အရာအတွက် ရှုပ်ထွေးသော ဖြေရှင်းနည်းများကို တီထွင်ပြီး ထိန်းသိမ်းနေရခြင်းအပေါ် စိတ်ပျက်နေကြောင်း ပြသနေသည်။



## ကျယ်ပြန့်သော သက်ရောက်မှုများ

VPN ပိတ်ပင်မှု၏ သက်ရောက်မှုများသည် တစ်ဦးချင်း ဆက်သွယ်ရေး စိန်ခေါ်မှုများထက် များစွာ ကျော်လွန်ပြီး သတင်းအချက်အလက် ရယူခွင့်၊ လူထုစည်းရုံးလှုံ့ဆော်မှု၊ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းနှင့် လူမှုအသိုင်းအဝိုင်း၏ ကြံ့ကြံ့ခံနိုင်ရည်စွမ်းအား စသည်တို့အပေါ် ဆက်တိုက်သက်ရောက်မှုများ ဖြစ်ပေါ်စေသည်။ VPN ပိတ်ပင်မှုသည် ဒစ်ဂျစ်တယ်အခွင့်အရေးနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အခြေခံကျကျ ချိုးဖောက်ခြင်းလည်း ဖြစ်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် လုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခုတွင် သုတေသီအဖြစ် လုပ်ကိုင်နေသူ ပါဝင်သူတဦးက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရယူခွင့်ကို ကန့်သတ်ခြင်းဖြင့် သတင်းအချက်အလက် ရယူခွင့်နှင့် ဒစ်ဂျစ်တယ်အခွင့်အရေးများကို လက်ငင်းချိုးဖောက်ခြင်းဖြစ်ကြောင်း အလေးထားဖော်ပြခဲ့သည်။ ဤကန့်သတ်ချက်သည် အချိန်မီသတင်းအချက်အလက် ရရှိခြင်းက အသက်အန္တရာယ်နှင့် သက်ဆိုင်နိုင်သည့် ပဋိပက္ခဒေသများတွင် သတင်းအချက်အလက် စီးဆင်းမှုကို အထူးထိခိုက်စေသည်။

ဤကန့်သတ်ချက်များက သတင်းအချက်အလက် သုံးစွဲမှုပုံစံများကို သိသာစွာ သက်ရောက်စေခဲ့သည်။ ပါဝင်သူဖြေဆိုကျောင်းသူတဦးက သူမ၏မိဘများသည် အပြင်ထွက်တိုင်း VPN များကို အဖွင့်/အသွင်း လုပ်နေရသောကြောင့် စိတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုး ဖြစ်နေပြီး ထိုသို့လုပ်ရန် စိတ်မရှိတော့ဘဲ တီဗီကနေ သတင်းကြည့်ရန်သာ ပိုနှစ်သက်တော့ကြောင်း မျှဝေခဲ့သည်။ ရွှေ့ပြောင်းအလုပ်သမားတဦးကလည်း "အချို့လူတွေကစစ်ကောင်စီထိန်းချုပ်ထားတဲ့ မီဒီယာတွေကိုပဲ မှီခိုအားထားလာကြတယ်၊ အဲဒါက လက်ရှိနိုင်ငံရေးအခြေအနေတွေ နားလည်သဘောပေါက်မှုကို အကန့်အသတ်ဖြစ်စေတယ်" ဟု ထပ်မံအလေးထား ပြောဆိုခဲ့ပြီး၊ လက်ရှိအကျပ်အတည်းကာလများတွင် အချက်အလက်ပြည့်စုံသော ဆုံးဖြတ်ချက်များ ချမှတ်ရန် ပိုမိုခက်ခဲစေသည်။ ဤအပြုအမူပြောင်းလဲမှုက ဒစ်ဂျစ်တယ် ကန့်သတ်

ချက်များသည် လူများကို လွတ်လပ်ပြီး အမှီအခိုကင်းသော မီဒီယာများထက် စစ်ကောင်စီ ထိန်းချုပ်ထားသော သမရိုးကျမီဒီယာများဆီသို့ ထိရောက်စွာ ဦးတည်ပြောင်းလဲသွားစေကြောင်း ပြသနေသည်။

သုတေသီတဦးက မှတ်ချက်ပြုသည့်အတိုင်း "သူတို့ စစ်ကောင်စီက Facebook ကဲ့သို့ လူမှုမီဒီယာပလက်ဖောင်းတွေကို ထိန်းချုပ်နိုင်ရင် သူတို့ဝါဒဖြန့်ချိဖို့ အခြားပလက်ဖောင်းတွေအသုံးပြုခိုင်းဖို့ လုပ်လာလိမ့်မယ်"။ လူမှုကွန်ယက်များမှတဆင့် လွတ်လပ်သော သတင်းများ ရယူရန် နည်းပညာအရ ခက်ခဲလာသောအခါ သို့မဟုတ် အန္တရာယ်ရှိလာသောအခါ၊ လူများသည် Facebook ထက် အကြောင်းအရာ စိစစ်ထိန်းချုပ်မှု မူဝါဒများ လျော့ရဲသော TikTok နှင့် Telegram ကဲ့သို့ ပိုမိုလွယ်ကူစွာ အသုံးပြုနိုင်သော ပလက်ဖောင်းများကို ပြောင်းလဲအသုံးပြုလာကြပြီး၊ ဤပလက်ဖောင်းများတွင် စစ်တပ်ဝါဒဖြန့်ချိမှုနှင့် သတင်းအမှားများ ပိုမိုလွတ်လပ်စွာ ပျံ့နှံ့နိုင်သည်။ အချို့က စစ်တပ်၏ ကန့်သတ်ချက်များမှ ကင်းလွတ်သော နိုင်ငံပိုင်ရုပ်မြင်သံကြားလိုင်းများကို ပြောင်းလဲကြည့်ရှုလာကြသည်။ ဤအခြေအနေသည် VPN ကန့်သတ်ချက်များကို အဆက်မပြတ် ကျော်လွှားရန် နည်းပညာကျွမ်းကျင်မှု သို့မဟုတ် အရင်းအမြစ်များ မရှိသော သက်ကြီးမိသားစုဝင်များနှင့် ကျေးလက်လူ့အဖွဲ့အစည်းများကို အထူးထိခိုက်စေသည်။ နိုင်ငံပိုင်မီဒီယာများအပေါ် ၎င်းတို့၏ တိုးမြင့်မှီခိုရလာမှုက လွတ်လပ်သော သတင်းအချက်အလက် ရင်းမြစ်များမှ ၎င်းတို့ကို ပိုမိုသီးခြားဖြစ်ဝေးကွာစေပြီး စစ်တပ်ဝါဒဖြန့်ချိမှုကို ထိတွေ့နိုင်ချေ ပိုမိုမြင့်တက်စေသည်။ VPN ကန့်သတ်ချက်များ၏ သက်ရောက်မှုသည် သာမန် ဆက်သွယ်ရေးအတားအဆီးတခုထက် သာမက ပြည်သူများ၏ သတင်းအချက်အလက် သုံးစွဲမှုပုံစံများကို အခြေခံကျကျ ပြောင်းလဲစေပြီး၊ မြန်မာနိုင်ငံအတွင်း သတင်းအချက်အလက် စီးဆင်းမှုနဲ့ ပြောဆိုချက်တွေအပေါ် စစ်အစိုးရက ပိုမို ထိန်းချုပ်လာနိုင်ရန် အားဖြည့်ပေးနေကြောင်း ညွှန်ပြနေသည်။

တားမြစ်ကန့်သတ်ချက်များသည် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများလည်း သိသာစွာရှိပြီး၊ အထူးသဖြင့် ငွေလွှဲစနစ်များနှင့် ဒေသတွင်း စီးပွားရေးများကို ထိခိုက်စေသည်။ မဲဆောက်မှ ရွှေ့ပြောင်းအလုပ်သမားတဦးက ဆက်သွယ်ရေး အတားအဆီး အခက်အခဲများကြောင့် ငွေလွှဲပို့မှုများ လက်ခံရရှိကြောင်း အတည်ပြုရာတွင် သိသာသော နှောင့်နှေးမှုများဖြစ်ပေါ်ပြီး၊ ပြည်ပမှ ထောက်ပံ့မှုအပေါ် မှီခိုနေရသော မိသားစုများအတွက် ငွေကြေးဆိုင်ရာ မရေရာမှုများ ဖြစ်ပေါ်စေကြောင်း ဖြေဆိုခဲ့သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိစ္စရပ်များအပေါ် လုပ်ကိုင်နေသော သုတေသီတဦးကလည်း ပိုမိုကျယ်ပြန့်သော စီးပွားရေးဆိုင်ရာ အကျိုးဆက်များကို ထောက်ပြခဲ့သည် - "သတင်းအချက်အလက်ရယူခွင့်ကို ကန့်သတ်ခြင်းက လူမှုအသိုင်းအဝိုင်းရဲ့ လူမှုစီးပွားရေး အခြေအနေကိုလည်း သက်ရောက်နိုင်တယ် (ဥပမာ - သီးနှံဈေးနှုန်းတွေရဲ့ နောက်ဆုံးအခြေအနေကို မသိနိုင်ဘူး)"။ ဤဈေးကွက်သတင်းအချက်အလက် မရရှိခြင်းသည် ကျေးလက်လူ့အဖွဲ့အစည်းများကို အထူးထိခိုက်စေပြီး၊ စီးပွားရေးဆိုင်ရာ အားနည်းချက်များနှင့် ဈေးကွက် မတည်ငြိမ်မှုများကို ဖြစ်ပေါ်စေသည်။

VPN ပိတ်ပင်မှုသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်စွမ်းနှင့် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများ၏ တိကျသော မှတ်တမ်းများကို ထိန်းသိမ်းနိုင်စွမ်းကို ပြင်းထန်စွာ ထိခိုက်စေခဲ့သည်။ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းတွင် လုပ်ကိုင်နေသော အခြားကျွမ်းကျင်သူတစ်ဦးက သတင်းအရေအတွက် လျော့နည်းသွားခြင်း သို့မဟုတ် အပြည့်အစုံ မတင်ပြနိုင်ခြင်းများ ဖြစ်ပေါ် ပြီး၊ ဖြစ်ရပ်မှတ်တမ်းတင်ခြင်းအပေါ် သက်ရောက်မှုရှိကြောင်း မှတ်ချက်ပြုခဲ့သည်။ သူမက မှတ်တမ်းတင်နိုင်စွမ်းလျော့နည်းခြင်းသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအပေါ် ရေရှည်သက်ရောက်မှုများရှိကြောင်းလည်း ရှင်းပြခဲ့သည် - "သတင်းအချက်အလက် ကန့်သတ်ချက်တွေကြောင့် စစ်တပ်လိုလက်နက်ကိုင်အဖွဲ့တွေရဲ့ ရာဇဝတ်မှုတွေကို မှတ်တမ်းတင်လို့မရ၊ ဖော်ထုတ်လို့မရတာကြောင့် မီဒီယာ

အတွက် သတင်းအချက်အလက်ဖော်ပြနိုင်စွမ်းတွေသာမက အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကိုပါ ထိခိုက်နိုင်တယ်"။

တားမြစ်ကန့်သတ်ချက်များသည် အသိုင်းအဝိုင်းအဖွဲ့အစည်းများနှင့် တော်လှန်ရေးကြိုးပမ်းမှုများကို သိသာစွာ ထိခိုက်စေခဲ့သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် လုပ်ကိုင်နေသော သုတေသီတဦးက "လူမှုကွန်ယက်ဟာ ဒီတော်လှန်ရေးကာလမှာ လူထုစည်းရုံးလှုံ့ဆော်ရေးအတွက် အကောင်းဆုံးကိရိယာတခု ဖြစ်နေတယ်" ဟု မှတ်ချက်ပြုသည်။ သုတေသနတွေ ပါဝင်ဖြေဆိုခဲ့သူ တက်ကြွလှုပ်ရှားသူတစ်ယောက်ရဲ့ အဆိုအရ "VPN ပိတ်ပင်မှုက ဒီတော်လှန်ရေးကာလမှာ သက်ရောက်မှု ပိုကြီးတယ်။ ဘာကြောင့်လဲဆိုတော့ တော်လှန်ရေးအဖွဲ့တွေကြား ရန်ပုံငွေ၊ လူစုဆောင်းရေး၊ အချင်းချင်းဆက်သွယ်တာတွေကို ပျက်စီးစေလို့ပဲ" ဟုဆိုသည့်အတိုင်း VPN ပိတ်ပင်မှုက ဤစည်းရုံးလှုံ့ဆော်နိုင်စွမ်းကို တိုက်ရိုက်ထိခိုက်စေသည်။

မြို့ပြနှင့် ကျေးလက်ဒေသများကြား VPN ပိတ်ပင်မှု၏ သက်ရောက်မှုသည် သိသာစွာ ကွဲပြားပြီး၊ ရှိရင်းစွဲ ဒစ်ဂျစ်တယ်မညီမျှမှုများကို ပိုဆိုးစေသည်။ အထက်ပါ သုတေသီက ဤကွာဟချက်ကို အလေးထားဖော်ပြခဲ့သည် - "မြို့ပြလူဦးရေက သတင်းအချက်အလက် ပိုမိုလွယ်ကူစွာ ရနိုင်တယ်၊ ဘာလို့လဲဆိုတော့ ဒေသခံအသိုင်းအဝိုင်းထဲမှာ သတင်းအချက်အလက် မျှဝေတာတို့လို တခြားနည်းလမ်းတွေ သုံးနိုင်လို့။ ကျေးလက်လူဦးရေက ပိုခက်ခဲတယ်"။ ဤကွာဟချက်သည် ရွှေ့ပြောင်းအလုပ်သမားတဦးက လများစွာကြာအောင် လုံးဝဆက်သွယ်မှု ပြတ်တောက်နေကြောင်း တင်ပြသည့် ပဋိပက္ခဒေသများတွင် အထူးထင်ရှားသည်။


VPN ပိတ်ပင်မှုသည် လုံခြုံရေးဆိုင်ရာ ထိခိုက်လွယ်မှုအသစ်များနှင့် စောင့်ကြည့်ခံရခြင်းဆိုင်ရာ အန္တရာယ်များကို ဖြစ်ပေါ်စေခဲ့သည်။ သူက "မိုဘိုင်းဖုန်းတွေပေါ်မှာ VPN အက်ပ်ရှိတာကို ရာဇဝတ်မှု အဖြစ် သတ်မှတ်ထားတာက စစ်တပ်နဲ့ ရဲတပ်ဖွဲ့ကို ပြည်သူတွေအပေါ် သူတို့လိုချင်သလို လုပ်ခွင့်ပေး တယ်" ဟု ထောက်ပြခဲ့သည်။ ဤရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းက ကျောင်းသားတစ်ဦး ဖော်ပြခဲ့ သည့်အတိုင်း "စစ်တပ်က မိုဘိုင်းဖုန်းထဲမှာ VPN တွေ့တဲ့သူတွေကို ဖမ်းပြီး ငွေညှစ်တာ၊ တစ်ခါတစ်ရံ ထိန်းသိမ်းထားတာတွေကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးလာတယ်"။

တားမြစ်ကန့်သတ်ချက်များက နည်းပညာကျွမ်းကျင်မှု အကန့်အသတ်ရှိသူများနှင့် သက်ကြီးပိုင်းများကို မညီမျှစွာ ထိခိုက်စေခဲ့သည်။ သူက "လူငယ်တွေက အခု ပိုပြီးဖန်တီးနိုင်စွမ်းရှိလာပြီး ဒီစိန်ခေါ်မှုတွေကို ကျော်လွှားဖို့ ဆန်းသစ်တဲ့နည်းလမ်းတွေ ရှာဖွေနေကြတယ်" ဟု မှတ်ချက်ပြုခဲ့သော်လည်း။ သူက "ဒါပေမယ့် ဒါက လူဦးရေရဲ့ ရာခိုင်နှုန်းသေးသေးတခုပဲဖြစ်နေတယ်" ဟုလည်း အလေးထား ပြောဆို သည်။ ချင်းမိုင်မှ ရွှေ့ပြောင်းအလုပ်သမားတဦး၏ VPN ပိတ်ပင်မှုကို ကျော်လွှားရန် VPN အမျိုးမျိုး အသုံးပြုရခြင်းသည် နည်းပညာနှင့် မရင်းနှီးသောကြောင့် မိဘများနှင့် သက်ကြီးဆွေမျိုးများအတွက် အထူးခက်ခဲကြောင်း လေ့လာတွေ့ရှိချက်တွင် ဤမျိုးဆက်ကွာဟချက်ကို ထင်ရှားစွာ တွေ့မြင်နိုင် သည်။

ကျွမ်းကျင်သူများနှင့် ပါဝင်ဖြေဆိုခဲ့ကြသူများက အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ဒီမိုကရေစီလမ်း ကြောင်းအပေါ် ရေရှည်သက်ရောက်မှုများအတွက် စိုးရိမ်မှုကို ဖော်ပြခဲ့ကြသည်။ လူ့အခွင့်အရေး မှတ်တမ်းတင်ရေး ကျွမ်းကျင်သူတဦးက အနာဂတ်တွင် သတင်းအချက်အလက် ရယူခွင့်အပေါ် ကန့်သတ်ချက်များ ပိုပြင်းထန်လာမည်ဟု ခန့်မှန်းပြီး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် လုပ်ကိုင် နေသော သုတေသီတဦးက VPN ပိတ်ပင်မှုကို အရပ်ဘက်လူ့အဖွဲ့အစည်း နယ်ပယ်ကို ထိန်းချုပ်ကန့်

သတ်ရန် ကျယ်ပြန့်သော မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရှုမြင်သည်။ ဤအမြင်သည် ပါဝင်ဖြေဆိုခဲ့သူများ၏ ပံ့ပိုးကူညီရေး ကွန်ရက်များနှင့် သတင်းအချက်အလက် ရင်းမြစ်များမှ တဖြည်းဖြည်း သီးခြားဖြစ်လာခြင်းနှင့် အဆက်ပြတ်လာခြင်းစသည့် အတွေ့အကြုံများနှင့် ကိုက်ညီနေသည်။

ဤကျယ်ပြန့်သော သက်ရောက်မှုများက VPN ပိတ်ပင်မှုသည် နည်းပညာဆိုင်ရာ ကန့်သတ်ချက်တခုသာ မဟုတ်ဘဲ သတင်းအချက်အလက် စီးဆင်းမှုကို ထိန်းချုပ်ရန်၊ အရပ်ဘက်လူ့အဖွဲ့အစည်း နယ်ပယ်ကို ကန့်သတ်ရန်နှင့် လူမှုအသိုင်းအဝိုင်းများကို သီးခြားဖြစ်စေရန် ဘက်စုံမဟာဗျူဟာ၏ အစိတ်အပိုင်းတခုဖြစ်ကြောင်း ညွှန်ပြနေသည်။ ဤသက်ရောက်မှုများသည် တစ်ဦးချင်း မိသားစုဆက်သွယ်မှုများမှသည် ပိုမိုကျယ်ပြန့်သော ဒီမိုကရေစီလှုပ်ရှားမှုများနှင့် လူ့အခွင့်အရေး မှတ်တမ်းတင်ရေး ကြိုးပမ်းမှုများအထိ ကဏ္ဍအားလုံးသို့ ပျံ့နှံ့ထိခိုက်နေသည်။



# ဆွေးနွေးချက်

## တွေ့ရှိချက်များအပေါ် ဆန်းစစ်လေ့လာချက်များ

ဤသုတေသန၏ တွေ့ရှိချက်များက မြန်မာနိုင်ငံ၏ VPN ပိတ်ပင်မှုအခြေအနေတွင် ဒစ်ဂျစ်တယ် ထိန်းချုပ်မှု၊ မိသားစုဆက်ဆံရေးများနှင့် လူမှုကြံ့ကြံ့ခံနိုင်ရည်စွမ်းအားတို့ကြား ရှုပ်ထွေးသော ဆက်နွယ်မှုများကို ဖော်ထုတ်ပြသသည်။ ဆန်းစစ်လေ့လာမှုမှ အရေးကြီးသည့် ပုံစံတချို့ ထွက်ပေါ်လာပြီး ပိုမို အသေးစိတ် ဆွေးနွေးဖို့ လိုအပ်သည်။

## မဟာဗျူဟာကျ ဖိနှိပ်မှုအဖြစ် ဒစ်ဂျစ်တယ်ထိန်းချုပ်ခြင်း

VPN ပိတ်ပင်မှုသည် နည်းပညာဆိုင်ရာ ကန့်သတ်ချက်တခုသာမဟုတ်ဘဲ ကျွမ်းကျင်ပါးနပ်သော လူမှု ထိန်းချုပ်မှု ကိရိယာတခုအဖြစ် ပေါ်ထွက်လာသည်။ နေ့စဉ် ဗီဒီယိုခေါ်ဆိုမှုများမှ တစ်ခါတစ်ရံ စာတိုပို့ ခြင်းများသို့ ဆက်သွယ်ရေးပုံစံများ ပြောင်းလဲသွားခြင်းက ဒစ်ဂျစ်တယ်ကန့်သတ်ချက်များသည် နိုင်ငံ ဖြတ်ကျော် ဆက်ဆံရေးများကို မည်သို့ထိရောက်စွာ ပြတ်တောက်သွားစေသည်ကို ပြသနေသည်။ အထူးသဖြင့် လူမှုကွန်ယက်များ အသုံးပြုရန် အလွန်ခက်ခဲလာသောအခါ မိသားစုများသည် စစ်

အစိုးရထိန်းချုပ်ထားသော ရုပ်မြင်သံကြားသို့ ပြန်လည်ပြောင်းလဲသုံးစွဲလာသည့် မီဒီယာသုံးစွဲမှုပုံစံ ပြောင်းလဲခြင်းမှာ သိသာထင်ရှားသည်။ ဤအချက်သည် ပါဝင်ဖြေဆိုသူများ ဖော်ထုတ်ပြောကြားခဲ့ သည့် သတင်းအချက်အလက်ထိန်းချုပ်ရေးဆိုင်ရာ စစ်တပ်၏ မဟာဗျူဟာကျ ချဉ်းကပ်မှုနှင့် ကိုက်ညီ နေပြီး၊ ဒစ်ဂျစ်တယ်ကန့်သတ်ချက်များသည် လက်ငင်း ကန့်သတ်ထိန်းချုပ်မှု ရည်ရွယ်ချက်များအပြင်

သတင်းအချက်အလက် သုံးစွဲမှုပုံစံများကို ပြောင်းလဲပုံဖော်ရန် ရေရှည်ရည်မှန်းချက်များ နှစ်ခုလုံးကို အထောက်အကူပြုနေကြောင်း ညွှန်ပြနေသည်။

## ဆင့်ကဲဖြစ်ပေါ်လာသော ထိခိုက်လွယ်မှုများနှင့် လူမှုရေး မညီမျှမှုများ

သုတေသနက ဒစ်ဂျစ်တယ်ကန့်သတ်ချက်များသည် အသစ်ဖြစ်သော ထိခိုက်လွယ်မှုများ ဖန်တီးခြင်းထက် ရှိရင်းစွဲ လူမှုရေးထိခိုက်လွယ်မှုများကို မည်သို့ပိုမိုဆိုးရွားစေသည်ကို ဖော်ထုတ်ပြသသည်။ မြို့ပြနှင့်ကျေးလက် ကွာဟချက်သည် ပိုမိုကျယ်ပြန့်ထင်ရှားလာပြီး၊ ကျေးလက်လူ့အဖွဲ့အစည်းများသည် အခြေခံဒီဂျစ်တယ် အဆောက်အအုံ အားနည်းခြင်း၊ ကုန်ကျစရိတ် မြင့်မားခြင်းနှင့် လုံခြုံရေးဆိုင်ရာ အန္တရာယ်များ တိုးမြင့်လာခြင်းတို့ကဲ့သို့ ထပ်ဆင့်စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ နည်းပညာကျွမ်းကျင်မှုဆိုင်ရာ မျိုးဆက်ကွာဟချက်က မှီခိုမှုအသစ်များ ဖြစ်ပေါ်စေပြီး၊ သက်ကြီးမိသားစုဝင်များသည် အခြေခံဆက်သွယ်ရေး လိုအပ်ချက်များအတွက် လူငယ်မျိုးဆက်များအပေါ် မှီခိုနေရသည်။ ဤသို့တွေ့ရှိချက်များက ဒစ်ဂျစ်တယ်ကန့်သတ်ချက်များသည် ရှိရင်းစွဲ လူမှုမညီမျှမှုများအား အသုံးချပြီး ပိုမိုဆိုးဝါးလာစေရန် လုပ်ဆောင်နေကြောင်းညွှန်ပြနေသည်။

## စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုနှင့် မိသားစု ဆက်ဆံရေး အပြောင်းအလဲများ

VPN ပိတ်ပင်မှု၏ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှု များသည် ဆက်သွယ်ရေး အဆင်မပြေမှုထက် များစွာကျော်လွန်နေသည်။ ပါဝင်ဖြေဆိုသူများ၏ ပြောပြချက်များက ဒစ်ဂျစ်တယ် ကန့်သတ် ချက်များသည် မိသားစုဆက်ဆံရေးများနှင့် စိတ် ခံစားမှုဆိုင်ရာ ပံ့ပိုးမှုစနစ်များကို မည်သို့ ပြောင်း လဲစေကြောင်း

ဖော်ထုတ်ပြသသည်။ အထူးသဖြင့် ပဋိပက္ခဒေသ များတွင် မိသားစုလုံခြုံရေးကို အမြင်အားဖြင့် အတည်ပြုနိုင်မှု ဆုံးရှုံးခြင်းက စဉ်ဆက်မပြတ် စိုးရိမ်ပူပန်မှုကို ဖြစ်ပေါ်စေသည်။ နေ့စဉ်အတွေ့အကြုံများကို မျှဝေရန် သို့မဟုတ် ခက်ခဲသောအချိန်များတွင် မိသားစုနှင့် မိတ်ဆွေများထံမှ စိတ်ခံစားမှုဆိုင်ရာ ပံ့ပိုးမှု သို့မဟုတ် အကြံဉာဏ်တောင်းခံရန် မဖြစ်နိုင်ခြင်းသည် နိုင်ငံဖြတ်ကျော် မိသားစုဆက်ဆံရေးများကို အခြေခံကျကျ ပြောင်းလဲစေသည်။ ဤစိတ်ခံစားမှုဆိုင်ရာသက်ရောက်မှုသည် နိုင်ငံရေးဖိနှိပ်မှုများကြောင့် မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသော CDM လှုပ်ရှားမှုပါဝင်သူများကဲ့သို့ သီးခြားအုပ်စုများအတွက် အထူးပြင်းထန်ပုံရသည်။




## ကြံ့ကြံ့ခံနိုင်ရည်စွမ်းအားနှင့် ၎င်း၏ ကန့်သတ်ချက်များ

သုတေသန တွေ့ရှိချက်များက ထိခိုက်ခံရသော အသိုင်းအဝိုင်းများအကြား သိသာထင်ရှားသော လိုက်လျောညီထွေဖြစ်နိုင်စွမ်းကို ပြသသော်လည်း စစ်ကောင်စီအဆင့် ကန့်သတ်ချက်များကို တုံ့ပြန်ရာတွင် တဦးချင်းနှင့် အသိုင်းအဝိုင်းအဆင့် တုံ့ပြန်မှုများ၏ ရှင်းလင်းသော အကန့်အသတ် အတားအဆီးများကိုလည်း ဖော်ထုတ်ပြသသည်။ VPN အမျိုးမျိုးကို ပြောင်းလဲသုံးစွဲခြင်းမှသည် တဆင့်ခံ ဆက်သွယ်

ရေးစနစ်များ ဖန်တီးခြင်းအထိ ရင်ဆိုင်ဖြေရှင်းရေး နည်းဗျူဟာ အမျိုးမျိုး ဖွံ့ဖြိုးလာခြင်းက အံ့မခန်း ခံနိုင်ရည်စွမ်းအားကို ပြသသည်။ သို့သော် ဤလိုက်လျောညီထွေဖြစ်အောင် ပြုပြင်မှုများသည် အရေး ပေါ်အခြေအနေများအတွက် မလုံလောက်လေ့ရှိပြီး၊ အထူးသဖြင့် ဖုန်းအတွင်း VPN ထည့်သွင်းထားခြင်း ကြောင့် လုံခြုံရေးဆိုင်ရာ အန္တရာယ်များနှင့် ပတ်သက်၍ ထိခိုက်လွယ်မှုအသစ်များ ဖြစ်ပေါ်စေသည်။ ဤအချက်က နည်းပညာဆိုင်ရာ ဖြေရှင်းချက်များတစ်ခုတည်းဖြင့် မဟာဗျူဟာကျ ဒစ်ဂျစ်တယ် ကန့်သတ်ချက်များ ဖြစ်ပေါ်စေသော စိန်ခေါ်မှုများကို လုံလောက်စွာ ဖြေရှင်း၍မရနိုင်ကြောင်း ညွှန်ပြနေသည်။

## စီးပွားရေးဆိုင်ရာ သက်ရောက်မှုများ

သုတေသနတွေ့ရှိချက်များက ဒစ်ဂျစ်တယ် ကန့်သတ်ချက်များသည် တဦးချင်းစီ ဆက်သွယ်ရေး ကုန်ကျစရိတ်များထက် ပိုမိုကျော်လွန်သော စီးပွားရေးဆိုင်ရာ သက်ရောက်မှုများ ရှိကြောင်း ဖော်ထုတ် ထားသည်။ ပါဝင်ဖြေဆိုသူများက VPN ဝန်ဆောင်မှု အမျိုးမျိုးကို ဝယ်ယူရန် လိုအပ်ခြင်း၊ မတည်ငြိမ် သော ချိတ်ဆက်မှုများကြောင့် ဒေတာကုန်ကျစရိတ် မြင့်မားခြင်းနှင့် အခြားဆက်သွယ်ရေး နည်းလမ်း များနှင့် ဆက်စပ်သော ကုန်ကျစရိတ်များစသည့် ရင်းမြစ်အမျိုးမျိုးမှ တိုးပွားလာသော ငွေကြေးဝန်ထုပ် ဝန်ပိုးများရှိကြောင်းကို ဖြေဆိုကြသည်။ ပိုမိုအရေးကြီးသည်မှာ ငွေလွှဲစနစ်များ အနှောင့်အယှက်ဖြစ် ခြင်းက ပြည်ပပံ့ပိုးမှုအပေါ် မှီခိုနေရသော မိသားစုများအတွက် ငွေကြေးဆိုင်ရာ မသေချာမရေရာမှုများ ကို ဖြစ်ပေါ်စေသည်။ ပါဝင်သူတဦး မှတ်ချက်ပြုခဲ့သည်မှာ မိသားစုများ ငွေလွှဲပို့မှုများ လက်ခံရရှိ ကြောင်း အတည်ပြုရာတွင် နှောင့်နှေးမှုများရှိခြင်းက ရှိရင်းစွဲခက်ခဲသော အခြေအနေတွင် စိတ်ဖိစီးမှု များ ထပ်တိုးစေသည်။ ကန့်သတ်ချက်များသည် ဈေးနှုန်းနှင့် စီးပွားရေး အခွင့်အလမ်းများနှင့် ပတ်သက် သည့် အရေးကြီးသော သတင်းအချက်အလက်များကို ဆုံးရှုံးစေပြီး လူမှုအသိုင်းအဝိုင်းများအနေဖြင့်

ဈေးကွက်တွင် ပါဝင်ဆောင်ရွက်နိုင်စွမ်းကိုလည်း ထိခိုက်စေသည်။ ဤစီးပွားရေးဆိုင်ရာ သက်ရောက်မှုသည် ကျေးလက်ဒေသများတွင် ပိုမိုပြင်းထန်ပြီး၊ ဈေးကွက်သတင်းအချက်အလက်များ အချိန်နှင့်တပြေးညီ ရရှိရန် အကန့်အသတ်များရှိခြင်းကြောင့် ဒေသခံစီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ထပ်ဆင့် အားနည်းချက်များ ဖြစ်ပေါ်စေပါသည်။

## မှတ်တမ်းတင်ခြင်းနှင့် တာဝန်ခံမှုရှိစေခြင်းဆိုင်ရာ စိန်ခေါ်မှုများ

VPN ပိတ်ပင်မှုသည် အထူးသဖြင့် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပဋိပက္ခဖြစ်ပွားမှုများကို မှတ်တမ်းတင်ခြင်းနှင့် သတင်းပို့ခြင်းတို့တွင် သိသာသော အတားအဆီးများ ဖြစ်ပေါ်စေခဲ့သည်။ မှတ်တမ်းတင်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော ပါဝင်သူများ မှတ်ချက်ပြုခဲ့သည့်အတိုင်း သတင်းပို့ခြင်းနှင့် မှတ်တမ်းတင်နိုင်စွမ်း လျော့နည်းသွားခြင်းက တရားမျှတမှုနှင့် တာဝန်ခံမှုရှိစေရေးဆိုင်ရာ ကြိုးပမ်းမှုများအပေါ် ပြင်းထန်သော ရေရှည်သက်ရောက်မှုများ ရှိကြောင်း ညွှန်ပြနေသည်။ အထူးသဖြင့် ပဋိပက္ခဒေသများတွင် စစ်တပ်၏ကျူးလွန်လုပ်ဆောင်ချက်များနှင့် ပတ်သက်သည့် အချက်အလက်များကို အတည်ပြု၍ မျှဝေရန် ခက်ခဲခြင်းက သမိုင်းမှတ်တမ်းများ၌ ကွာဟချက်များ ဖြစ်ပေါ်စေပြီး အနာဂတ် ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်သည်။ နိုင်ငံအနှံ့ ဒေသအသီးသီးတွင် နိုင်ငံရေးအကျပ်အတည်းနှင့် လက်နက်ကိုင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသည့် အချိန်ကာလတွင် ဤသို့ မှတ်တမ်းတင်နိုင်စွမ်း ခက်ခဲချင်းနှင့် အချက်အလက်များ မရှိခြင်းမှာ အထူးစိုးရိမ်ဖွယ် ဖြစ်ပါသည်။ တားမြစ်ကန့်သတ်ချက်များသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဖြစ်ရပ်မှတ်တမ်းများကို တိကျစွာ ထိန်းသိမ်းထားနိုင်စွမ်းကို ထိရောက်စွာ ကန့်သတ်ထားပြီး၊ အနာဂတ်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် တာဝန်ခံမှုရှိစေရန် ကြိုးပမ်းမှုများအပေါ် သက်ရောက်မှုရှိနိုင်ပါသည်။

## ရှေ့ဆက်လုပ်ဆောင်ရန် လိုအပ်ချက်များ

ဤတွေ့ရှိချက်များက ဒစ်ဂျစ်တယ်ကန့်သတ်ချက်များကို ဖြေရှင်းရန် ပိုမိုပြည့်စုံသော ချဉ်းကပ်မှုများ လိုအပ်ကြောင်း ညွှန်ပြနေသည်။ အခြားလုံခြုံစိတ်ချရသည့် VPN များ သို့မဟုတ် ဂြိုဟ်တု အင်တာနက် ဝန်ဆောင်မှုများကဲ့သို့ နည်းပညာဆိုင်ရာ ဖြေရှင်းချက်များသည် အနည်းငယ် သက်သာစေသော်လည်း၊ တွေ့ရှိချက်များက ရေရှည်တည်တံ့သော ဖြေရှင်းချက်များအနေဖြင့် အခြေခံကျသော ဖွဲ့စည်းပုံစနစ်ဆိုင်ရာ မညီမျှမှုများနှင့် အာဏာအချိုးအစားများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း ညွှန်ပြနေပါသည်။ ဤအတွက် နည်းပညာဖွံ့ဖြိုးတိုးတက်မှုမှသည် မူဝါဒလှုပ်ရှားမှုနှင့် လူမှုအသိုင်းအဝိုင်း ထောက်ပံ့ရေးစနစ်များအထိ အဖွဲ့အစည်းအသီးသီး ပါဝင်သော ညှိနှိုင်းတုံ့ပြန်ဆောင်ရွက်မှုများ လိုအပ်သည်။

ဤတွေ့ရှိချက်များသည် ဒစ်ဂျစ်တယ်ကန့်သတ်ချက်များ မည်ကဲ့သို့ နိုင်ငံရေးထိန်းချုပ်မှု၏ ကိရိယာများအဖြစ် အလုပ်လုပ်ကြောင်းကို ကျယ်ပြန့်စွာ နားလည်စေရန် ပံ့ပိုးပေးပြီး၊ သက်ရောက်ခံရသော အသိုင်းအဝိုင်းများ၏ ခံနိုင်ရည်နှင့် လိုက်လျောညီထွေမှုတို့ကိုလည်း အလေးပေးဖော်ပြထားပါသည်။ ၎င်းတွေ့ရှိချက်များက ဒစ်ဂျစ်တယ်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ယင်းတို့ကို သီးခြား နည်းပညာဆိုင်ရာ ပြဿနာများအဖြစ် မဟုတ်ဘဲ ဒစ်ဂျစ်တယ်ခေတ်တွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အုပ်ချုပ်မှုအတွက် မရှိမဖြစ်အရေးပါကြောင်း နားလည်သဘောပေါက်မှုကို လိုအပ်ကြောင်း အကြံပြု ထားပါသည်။

# အကြံပြုချက်များ

## နည်းပညာကုမ္ပဏီများ

၁။ စစ်ကောင်စီ၏ ပိတ်ပင်ကန့်သတ်ချက်များကို ခံနိုင်ရည်ရှိသော ဆက်သွယ်ရေး ပလက်ဖောင်းများ ဖွံ့ဖြိုးတိုးတက်စေရန်

၂။ နည်းပညာအသုံးပြုမှု အကန့်အသတ်ရှိသော အသုံးပြုသူများအတွက် ရိုးရှင်းသော အင်တာဖေ့စ်များ ဖန်တီးရန်

၃။ ပိုမိုလုံခြုံပြီး အသုံးပြုရလွယ်ကူသော VPN အစားထိုးနည်းလမ်းများ အကောင်အထည်ဖော်ရန်

၄။ Starlink ကဲ့သို့ ဂြိုဟ်တုအင်တာနက်တွေကို လူတိုင်း လက်လှမ်းမှီနိုင်တဲ့ ဈေးနှုန်းဖြင့် သုံးစွဲနိုင်စေရန်

၅။ အရေးကြီးသော ဆက်သွယ်ရေး လုပ်ဆောင်ချက်များအတွက် အင်တာနက်မလိုသော လုပ်ဆောင်နိုင်စွမ်းများ (Offline) ဒီဇိုင်းရေးဆွဲရန်

## အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် NGO များ

၁။ လူမှုအသိုင်းအဝိုင်း အင်တာနက်အသုံးပြုမှု ပိုမို လွယ်ကူစေရန် အတွက် စုပေါင်းကွန်ရက်များ တည်ထောင်ရန်

၂။ သက်ကြီးအသုံးပြုသူများကို ဦးတည်သော ဒစ်ဂျစ်တယ်လုံခြုံရေး သင်တန်းများ ပေးရန်

၃။ ဆက်သွယ်ရေး အတားအဆီးများ ရင်ဆိုင်နေရသော မိသားစုများအတွက် ပံ့ပိုးမှုစနစ်များ ဖန်တီးရန်

၄။ ဒစ်ဂျစ်တယ်အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ပြီး လှုံ့ဆော်တင်ပြရန်

၅။ ပဋိပက္ခဒေသများအတွက် အရေးပေါ်ဆက်သွယ်ရေး လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်စေရန်

၆။ လုံခြုံစိတ်ချရတဲ့ VPN တွေအကြောင်း သတင်းအချက်အလက်တွေ မျှဝေရာမှာ လုံခြုံရေး အန္တရာယ်ကိုပါ ထည့်သွင်းစဉ်းစားရန်

## မူဝါဒ ချမှတ်သူများ

၁။ အင်တာနက်အသုံးပြုခွင့်ကို အခြေခံအခွင့်အရေးတခုအဖြစ် အသိအမှတ်ပြုရန်

၂။ နိုင်ငံရေးအကျပ်အတည်းကာလအတွင်း ဒစ်ဂျစ်တယ်အခွင့်အရေးများကို ကာကွယ်သည့် မူဘောင်များ ဖွံ့ဖြိုးတိုးတက်စေရန်

၃။ ဒစ်ဂျစ်တယ်ကန့်သတ်မှုတွေကို ဆန့်ကျင်သည့် နိုင်ငံတကာမှ ဖိအားပေးမှုများကို အားပေး ကူညီရန်

၄။ ပဋိပက္ခဒေသများတွင် အရေးပေါ်ဆက်သွယ်ရေးအတွက် ယန္တရားများ ထူထောင်ရန်

ဤသက်ရောက်မှုများနှင့် အကြံပြုချက်များသည် ပါဝင်သူများ၏ အတွေ့အကြုံများမှ တိုက်ရိုက်ပေါ် ထွက်လာခြင်းဖြစ်ပြီး၊ သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်သော တုံ့ပြန်မှုများ လိုအပ်ကြောင်း မီးမောင်းထိုးပြသည်။ ပါဝင်ဖြေဆိုသူတဦးမှ အလေးထားဖော်ပြခဲ့သည့်အတိုင်း "သတင်းအချက် အလက်နဲ့ ဆက်သွယ်ရေးက အာဏာသိမ်းစစ်အုပ်စုရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေတာကြောင့် သူတို့ကို ဖြုတ်ချဖို့ လိုအပ်တယ်"။ ဤအချက်က နည်းပညာဆိုင်ရာ ဖြေရှင်းချက်များ အရေးကြီးသော်လည်း ရေရှည်တည်တံ့သော ဖြေရှင်းချက်များအတွက် ပိုမိုကျယ်ပြန့်သော နိုင်ငံရေးအခြေအနေကို ကိုင်တွယ် ဖြေရှင်းရန် မရှိမဖြစ် လိုအပ်ကြောင်း ညွှန်ပြနေသည်။

## နိဂုံးချုပ်

မြန်မာနိုင်ငံတွင် စစ်အုပ်စု၏ VPN ပိတ်ပင်မှုသည် နည်းပညာဆိုင်ရာ ကန့်သတ်ချက်များကို ကျော်လွန်၍ ရည်ရွယ်ချက်ရှိရှိ ဒစ်ဂျစ်တယ်ဖိနှိပ်မှု မဟာဗျူဟာတခု ဖြစ်သည်။ နိုင်ငံဖြတ်ကျော် မိသားစု ဆက်ဆံရေးများကို အခြေခံကျကျ ဖြိုဖျက်ခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၏ သတင်းအချက်အလက် ရယူခွင့်ကို ထိန်းချုပ်ခြင်း၊ စစ်ကောင်စီထိန်းချုပ်ထားသော မီဒီယာများအပေါ် မှီခိုအားထားရန် အတင်းအကျပ်ပြုခြင်းနှင့် အရပ်ဘက်လူ့အဖွဲ့အစည်း ကွန်ရက်များကို အားနည်းစေခြင်းတို့ ဖြစ်ပေါ်စေသည်။ ဘန်ကောက်၊ ချင်းမိုင်နှင့် မဲဆောက်မြို့များရှိ ပါဝင်သူ ၂၀ ဦး၏ အတွေ့အကြုံများကို အသေးစိတ် လေ့လာခြင်းမှတဆင့် ဤသုတေသနသည် ဒစ်ဂျစ်တယ်ကန့်သတ်ချက်များသည် စနစ်တကျ ထိန်းချုပ်မှုနှင့် လူမှုဆက်ဆံရေး ပြတ်တောက်စေဖို့ အတွက် အင်အားကြီးမားသော ကိရိယာတခုအဖြစ် မည်သို့ လုပ်ဆောင်နေကြောင်း ဖော်ထုတ်ပြသပြီး၊ ရွှေ့ပြောင်းနေထိုင်သူ အသိုင်းအဝိုင်းများ၏ နေ့စဉ်ဘဝ ရှုထောင့်များအပေါ် သက်ရောက်နေကြောင်း တွေ့ရှိရသည်။

ကျွန်ုပ်တို့၏ တွေ့ရှိချက်များက ဒစ်ဂျစ်တယ်ကန့်သတ်ချက်များသည် လူ့အဖွဲ့အစည်း၏ အထိခိုက်လွယ် ဆုံးအဖွဲ့ဝင်များကို မညီမျှစွာ ပစ်မှတ်ထားနေသည့် စိုးရိမ်ဖွယ်ရာ ပုံစံတခုကို ဖော်ထုတ်ပြသနေသည်။ ကျေးလက်နေအသိုင်းအဝိုင်းများသည် သတင်းအချက်အလက် လုံးဝနီးပါး ပိတ်ဆို့ခံရခြင်း၊ သက်ကြီး မိသားစုဝင်များသည် ပိုမိုရှုပ်ထွေးလာတဲ့ နည်းပညာများနှင့် ရုန်းကန်နေရခြင်းနှင့် ပဋိပက္ခဒဏ်သင့်ဒေသ များတွင် အရေးပေါ်ဆက်သွယ်ရေးတွင် ပြင်းထန်သော အနှောင့်အယှက်များ ကြုံတွေ့နေရသည်။ လူမှု အသိုင်းအဝိုင်းများသည် အခြားဆက်သွယ်ရေး နည်းလမ်းအသစ်များအား လိုက်လျောညီထွေဖြစ် အောင် ရှာဖွေတီထွင်နိုင်စွမ်းရှိသော်လည်း ယင်းနည်းလမ်းသစ်များမှာ အန္တရာယ်အသစ်တွေ ဖြစ်စေနိုင် ပြီး မိသားစုများနှင့် အဓိပ္ပါယ်ရှိတဲ့ ဆက်ဆံရေး ထိန်းသိမ်းဖို့အတွက် မလုံလောက်ဘူးဆိုတာ ပြသနေ

သည်။ ပိတ်ပင်တားဆီးမှုများကြောင့် ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုသည် အထူးပြင်းထန်ပြီး ပါဝင်ဖြေဆိုသူများက မိသားစုလုံခြုံရေးအတွက် နက်ရှိုင်းသော စိုးရိမ်ပူပန်မှုနှင့် အရေးပေါ်အခြေအနေများအတွင်း ကူကယ်ရာမဲ့သည့် ခံစားချက်များကို ဝေမျှကြသည်။

သက်ရောက်မှုများသည် လူတဦးချင်း၏အခက်အခဲများကို ကျော်လွန်၍ ပိုမိုကျယ်ပြန့်သော လူမှုရေးနှင့် စီးပွားရေးအခြေအနေများကို ပြောင်းလဲစေသည်။ အင်တာနက်ပိတ်ပင်မှုသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရာတွင် သိသာသော အတားအဆီးများ ဖြစ်ပေါ်စေပြီး၊ အနာဂတ် တရားမျှတမှုနှင့် တာဝန်ခံမှု ကြိုးပမ်းမှုများကို ထိခိုက်စေနိုင်သည်။ ငွေလွှဲစနစ်များ ယိမ်းယိုင်ပြီး ဈေးကွက်သတင်းအချက်အလက် ရယူခွင့် တဖြည်းဖြည်း ကန့်သတ်ခံရသောကြောင့် စီးပွားရေးဆိုင်ရာ အကျိုးဆက်များသည် လူမှုအသိုင်းအဝိုင်းများကို ရိုက်ခတ်နေသည်။ ပိုမိုစိုးရိမ်ဖွယ်ကောင်းသည်မှာ ဒစ်ဂျစ်တယ်အသုံးပြုခွင့် အလွန်ခက်ခဲလာသောအခါ ပြည်သူများက စစ်ကောင်စီထိန်းချုပ်ထားသော မီဒီယာများသို့ ပြန်လည်ပြောင်းလဲသုံးစွဲလာသည့် ပုံစံဖြစ်ပြီး၊ ဤအချက်က စစ်တပ်၏ ဝါဒဖြန့်ချိမှုများကို ပိုမိုအားကောင်းလာစေသည်။

ဤတွေ့ရှိချက်များအရ ကဏ္ဍအမျိုးမျိုးတွင် အရေးတကြီး၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများ လိုအပ်နေသည်။ နည်းပညာကုမ္ပဏီများသည် ကန့်သတ်ထားသော အခြေအနေများအောက်တွင် အသုံးပြုနိုင်ဆဲဖြစ်ပြီး စစ်ကောင်စီ၏ထိန်းချုပ်မှုကို ခုခံကျော်လွှားနိုင်သော ဆက်သွယ်ရေးပလက်ဖောင်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးလုပ်ဆောင်ရမည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် လူမှုအသိုင်းအဝိုင်းပံ့ပိုးမှု ကွန်ရက်များနှင့် လုံ့ခြုံ့ဆော်မှုတိုက်တွန်းမှုများကို အားဖြည့်ရန် လိုအပ်ပြီး၊ အထူးသဖြင့် ထိခိုက်လွယ်သော အုပ်စုများကို အာရုံစိုက်ရမည်။ အရေးအကြီးဆုံးမှာ မူဝါဒချမှတ်သူများသည် အင်တာနက်အသုံးပြုခွင့်ကို လူ့အခွင့်အရေးတခုအဖြစ် အသိအမှတ်ပြုခြင်းသာမက VPN ပိတ်ပင်မှုများကို ရပ်တန့်

ရန်၊ အင်တာနက်ဖြတ်တောက်မှုများကို အဆုံးသတ်ရန်နှင့် ဒစ်ဂျစ်တယ်စောင့်ကြည့်မှုကို တားဆီးရန် လက်တွေ့လုပ်ဆောင်ချက်များ လုပ်ဆောင်ရမည် - ဤအစီအမံများသည် စစ်ကောင်စီ၏ ထိန်းချုပ်မှု မဟာဗျူဟာနှင့် အခြေခံကျကျ ဆန့်ကျင်ဘက်ဖြစ်နေသည်။

ဤသုတေသနသည် ဒစ်ဂျစ်တယ်ကန့်သတ်ချက်များသည် နိုင်ငံရေးဖိနှိပ်မှု ကိရိယာများအဖြစ် အသုံးပြုနေပုံကို အရေးပါသော သက်သေအထောက်အထားများဖြင့် တင်ပြထားပြီး နိုင်ငံတကာ၏ တုံ့ပြန်မှု အရေးတကြီးလိုအပ်ကြောင်း မီးမောင်းထိုးပြသည်။ မြန်မာ့အကျပ်အတည်း ဆက်လက်ဖြစ်ပွားနေချိန်တွင် ဒစ်ဂျစ်တယ်အခွင့်အရေးများကို ကာကွယ်ခြင်းသည် အခြေခံလူ့အခွင့်အရေးများ ကာကွယ်ခြင်းနှင့် ဒီမိုကရေစီလှုပ်ရှားမှုများကို ထောက်ခံခြင်းတို့နှင့် တသားတည်း ဖြစ်သည်။ ဤသုတေသနတွင် မှတ်တမ်းတင်ထားသော အတွေ့အကြုံများက ဒစ်ဂျစ်တယ်ကန့်သတ်ချက်များ၏ ဆိုးရွားသော သက်ရောက်မှုကို ပြသရုံသာမက လွတ်လပ်ပြီး လုံခြုံသော ဆက်သွယ်ရေးစနစ်များသည် လူ့ဂုဏ်သိက္ခာနှင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွက် မရှိမဖြစ် အရေးပါကြောင်း သက်သေပြနေသည်။

VPN ပိတ်ပင်မှုနှင့် ကန့်သတ်ချက်များ၏ အကျိုးသက်ရောက်မှုသည် မြန်မာနိုင်ငံ၏ နယ်နိမိတ်များကို ကျော်လွန်သက်ရောက်မှုရှိသည်။ ကမ္ဘာတစ်ဝန်းတွင် အာဏာရှင်အစိုးရများသည် ဒစ်ဂျစ်တယ်ကန့်သတ်ချက်များကို ထိန်းချုပ်မှုကိရိယာအဖြစ် ပို၍အသုံးပြုလာသည့်အတွက် ဤသုတေသနမှ တွေ့ရှိချက်များက ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်အခွင့်အရေးများ ကာကွယ်ရေးအတွက် အရေးပါသော သင်ခန်းစာများ ဖြစ်လာသည်။ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အကျပ်အတည်းအပေါ် နိုင်ငံတကာ၏ တုံ့ပြန်ပုံသည် အနာဂတ်ပဋိပက္ခများတွင် ဆက်သွယ်ရေးအခွင့်အရေးများကို ကာကွယ်ရာ၌ စံထားရမည့် နမူနာတခု ဖြစ်လာနိုင်သည်။ သုတေသန တွေ့ရှိချက်များအရ ဒစ်ဂျစ်တယ်အခွင့်အရေးများကို

ကာကွယ်ခြင်းသည် နည်းပညာပိုင်းဆိုင်ရာ ပြဿနာတစ်ခုသာ မဟုတ်ဘဲ၊ လူ့အခွင့်အရေးအရ မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန်တစ်ခု ဖြစ်သည်။